မန္တလာပုံ။ရိပ်မြို့ထွန်းတင့်။ပြုဝန်းဖွင့်သည့်။မင်းမင့်
ဥသျှောင်။အခေါင်ကြွှန်း။ထီးနန်းရိုက်ထူ။
စိုးစံတော်မူသော။ပဉ္စမသင်္ဂါ
ယနာတင်။အသျှင်ဘဝ
ရှင်။မင်းတရား
ကြီးလက်
ထက်တော်တွင်
ရွာစည်ရွာစားထင်ရှားလင်းမျှ။သတင်း
ပသည့်။မင်းလှသင်္ခယာ။ဟူသော။ဘွဲ့တံဆိပ်ဖြင့်။
ခတ်နှိပ်ချီးမြှင့်ခြင်းကိုထင်ပေါ်ကျော်စောစွာခံရသော
စလေမြို့ဇာတိ။ဆရာကြီးဦးပုညသည်။
ရေးသားစီရင်အပ်သော။

# ကောသလပြဇာတ်။

၉၉၉
၃၁-၃-၇၉

ရန်ကုန်မြို့။

၃၄ လမ်းဟံသာဝတီသတင်းစာပုံနှိပ်တိုက်၌။

၁၂၈၀ ခု။

# နိဒါန်း။

နာဂရိန္ဒရာ။ ဂဇာရောင်ကွန့်။နဘာသဘောင်မှာ။တန်ခဆောင် ညွန့်သို့။မှောင်ဝှန့်ကြည်ဖြူ။သိတဂူပမာလာ။ ထွန်းလင်းမြေတော် မူသော။မန္တလေးရတနာပုံ။ပဌမမြို့တည်နန်းတည်။ ပဉ္စမသင်္ဂါ ယနာတင်။အသျှင်ဘဝရှင်။မင်းတရားကြီးဘုရား။ရွှေလက်ထက် တော်တွင်။ချီးငေါ်အံ့လောက်။ ပညာတည်းဟူသောအမုံသောံ ၍။ကဝိမြောက်ဖြစ်ပေသော။စလေမြို့တွင်။ ဖွားရာဇာတိ။ အာစ ရိဂုဏ်ရ။ဆရာကြီးဦးပုညသည်။ ဇာတကနိပါတ်။ ကောသလ ပြဇာတ်ကို။ဘတ်မှတ်စေနှုလုံးထားဖြင့်။ ရေးသားစီကုံးခဲ့သည် မူရင်းအတိုင်း။မှန်ကန်စွာရေးကူး၍။တည်းပြန့်တိုက်ဆိုင်ပြီးလျှင်။ သတ်ညွန်းသတ်ပုံ။ အလုံးစုံသော။ ရေးထုံးရေးနည်းနှင့်တကွ။ မင်ဝွန်းမင်စမပါ။အက္ခရာမယွင်း။သေချာရှင်းလျက်။ ကွင်းကွင်း ကွက်ကန့်။သန့်ပြန့်အောင်ပုံနှိပ်ခြင်းနှိုက်။ မိတ်ဆွေအများတို့၏ ချီးမွမ်းခြင်းကို ခံရသော။ ကျွန်ုပ်တို့ ဟံသာဝတီသတင်းစာမီး စက်ပုံနှိပ်တိုက်က။အမျိုးသားတို့ကြည့်ရှုမှတ်သားရန်အကျိုးငှါ။ ကောင်းစွာပုံနှိပ်ခြင်းကို ပြုလုပ်ပါသည်။ ပညာဗဟုသုတကို။ လိုလား တောင့်တကြသော အမျိုးကောင်း သားတို့။ နေ့စဉ်မ ပြတ်။အားထုတ်ကြည့်ရှုဘတ်ရွတ်နိုင်ကြစေသတည်း။

---

# ကောသလပြဇာတ်။

## ဗာရာဏသီတိုင်းပြည်က။မင်းကြီးနှင့်မှူးမတ်တို့ တိုင်ပင်ခန်း။

၁၁၄

ဇေယျတုသဗ္ဗမင်္ဂလံ။ ။ဗာရာဏသီမင်းကြီးဆိုရန်။ ။ရာဂန် မကိုင်။မဟာရိုက်သို့။ တိုက်ဖမ္ဗူချက်။ နယ်လေးကွက်ကို။ညာ လက်ရုံးကျုံး။စက်နှယ်မှုံးသည်။ငါ့ဘုန်းခိုလှုံ။မတ်ကျွန်ယုံတို့။ ။ ငါကြောရာဇ်မင်းမြတ်သည်။အဝန်းယူဇနာ။သုံးရာခန့်ပိုင်း။ကာသိ တိုင်းထက်။ဂိုဏ်းသူရိယ။ ဥက္ကာကနှင့် သာကီယဆွေ။ ကြဋ္ဌန်း ခြွေ။ နန်းမွေခံတော် မူမိပြီ။ ဘေးစကြာဝိုး။ ဘိုးစကြာရတ်။ ဘ မန္တတ်တို့။ဝန်းပတ်ဝေဝုတ်။ လေသမုဒ်ကို။ဥက္ကာဠကြီး။စကြာစီး ၍။ ဘုန်းမီး နေဝန်း။ ထွန်းတော် မူရာ။ မဟာမဏ္ဍိုင်။ ခရိုင်ရှစ် သောင်း။ ရိပ်ပြုဆောင်းတို့။ဦးခေါင်းညွှီးငုံ။ တန်ခိုးကျုံ့၍။ဘုန်း ဘုန့်သနင်း။ငါ့စက်ရင်းသို့။ဝပ်စင်းဦးခိုက်လာကြသည်။ ငါ့ဘုန်း စက်ချောင်။ ဘဝဂ်ဘောင်ကို။ သောင်ဘနန်းမျှ။ လောကခေတ် လုံး။ ကြောက်နှံ့ချုံး၍။ ဘုန်းလှုံ ကြသည်ကို။ ကောသလတိုင်း ငယ်။ကျင်ကလယ်က။ဘယ်ရာဇဂုဏ်။ဘယ်မာန်ဟုန်ကို။ အာရုံ ကိုး၍။မကြိုးမနိုနေသလဲ။ကျွဲခြေရာကွက်။ပက်စလက်ကို။ခဲခက် ကတုတ်။မြေမြို့လုပ်၍။ နှံ့ရုပ်ဌက်ငယ်။ သိမ်းကိုကျယ်သို့။ တ ကယ်ယုံကြည်။သံတောင်ခဲ့သို့။ငါတို့မြို့က။ဆီးဆိုမည်။ကြံစည် ပုံနှင့်နေသလား။ ။ကောသလမင်း။စက်ရင်း ဦးခေါင်း။ဘယ် မာနကြောင့်။မခကြောင်းကို။ရင်းပြည်သို့သံစေ၍စုံထောက်ကြ ရမည်။မှူးမတ်များ။

ဝန်တင်။ ။ဘုရားဗျာဒိတ်တော်မြွက် အတိုင်းပါဘုရား။ မြင်းမိုရ်မဏ္ဍိုင်။ ကျွန်းလေးဆိုင်ထက်။ ခရိုင်ရှစ်သောင်း။ရိပ်ဖြူဆောင်းတို့။ ဦးခေါင်း မြေထိ။ ခြသေ့်လက်အောက်။ ယုန်ငယ်ရောက်သို့။ကြောက်ရွံ့လျက်ရှိသည်ကို။သာဝတ္ထိမည်။ ဆီးရွက်ငယ်ခန့်။ ကျယ်မပြန့်တဲ့။ တိုင်းညံ့ပြည်က။ မရည်မငံ။ စကြာတော်အောက်။ နဖူးဆောက်၍။ မရောက်ဟန်မှာ။ ဘောက်ပြန်ကြမ္မာ။သတ္တဝါတို့။ဓာတာယွင်းယို။ ပျက်စီးလိုက။ ကိုယ်နှင့်မတန်။မရာမထိုက်။အကြံမိုက်ကို။လိုက်၍ကြံ။ ထုံးစံဓလေ့ဖြစ်ပါသည်။ဝိနတ္တက။တောင်မျှော့သနင်း။ဂဠုန်မင်းကို။အဖျင်းတကော့ထက်အောက်ဆုံး။ စာပတီးငှက်။ မာနတက်၍။ စစ်ဘက်မည့်ကြိုးသကဲ့သို့။ရွှေဘုန်းတော်မီး။ ဝရဇိန်ထွစ်ချွန်း။ မိုဃ်းကြိုးမှုန်းသို့။ ပျက်ပြုန်းတီး။ ဘေးကြီး တွေ့ရ ပါလိမ့်မည်။ သို့ဖြစ်ငြားလည်း။မသွားနေသော်။မပြေမပြစ်။ ပြည်ရေးဖြစ်၍။ မလစ်အပ်သောကြောင့်။ မှူးမတ်တို့ ကျေပွန်အောင်။ ပြည်ဝန်ကို ဆောင်ရွက်ပါမည့် အကြောင်းနှင့်။ ထပ်လောင်း၍ ဝန်တို့ သံတော်ဦးတင်ဝံ့ပါသည်ဘုရား။

မင်းကြီးဆို။ ။သင့်လှပြီ။ မင်းကြီးတို့ဝုံစမ်း၍။ ခွင့်လမ်းကိုသိသာမှ။ ထိုက်ရာစီရင်တော်မူမည်။တပြည်ကြငှန်း။ရဝေနန်းထက်။ ရွှေသန်းရိပ်ငြိမ်။ဝတိန်တမြင့်။ လွှန်သာတင့်တဲ့။မင်းစည်းစိမ်ကို။ မိုဃ်းနန္ဒာဟန်။ ချမ်းသာခံ။ ငါစံတော်မူဦးမည်။ တိုင်းပြည်ရေးမှု။ အစုစုကို သုံခမိန်အမတ်တို့က။ လျှောက်ပတ်အောင်စီရင်ကြရမည်။မှူးမတ်များ။

သံတော်ဝန်တို့နေ့ကောင်းရက်သာငံ့၍
တခန်းရပ်စေ။

———o———



## သာဝတ္ထိတိုင်းပြည်ကောသလမင်းကြီးထစေ။

သာဝတ္ထိပြည် ကောသလမင်းဆို။ ။ခမာဇာဂရီ။ အင်ခြောက်လည့်နှင့်။ရွှေပြည်ကြီးဝန်။လူရည်လွှန့်။ တံခွန်လေးရပ်။ မင်းသုံး ခံလောက်။ ပြောင်ကြီး မြောက်တဲ့။ လေးယောက်မတ်တို့။ ။ဗာရာဏသီ။ပုရိဗိုးသီး။ထိုမင်းကြီးသည်။ထီးမခေါင်းခင်။ငယ်ရွယ်စဉ်က။ငါ့ခြေတော်ဦး။ဘုရားထူး၍။နှူးညွှတ်တွား။ငါ့အားရှိသေခဲ့ရသည်။ယခုမှါမူ။သမုဒ္ဒရာပတ်ကျွန်း။လေးကျွန်းယုံးကို။သူ့ဘုန်းဂုဏ်နှင့်။ခြုံ၍အုပ်စိုးနိုင်လေသည်။ဘုန်းရှိလက်အောက်။ဘုန်းမဲ့ရောက်။အထောက်မူကားတော်ပေငဲ့။သို့တော်သော်လည်း။ခေါ်ဝေါ်နှုတ်ဆက်။ သိက္ခာလျှော၍။ အပြောခက်။ရှက်စရာပိုမို။မျက်နှာထားအိုလှသည်။ကိုယ်အခွမ်းခံ။ သူ့ထံဝင်ဆန့်။တန်ခိုးမှိန်၍။ ဂုဏ်သိန်သာညံ့တော့မည်။ ဘုန်းကံ့သခင်။တဘုရင်ပါကို။ စကြာမင်တမျည်းအောက်က။ စာရင်း ပေါက်မခံလိုဘူး။ဗိုလ်ပါစည်းရုံး။ ဘဝင်ရိုးယံ။ ဖြိုးဖြိုးလျှံမှု။ အောင်သံကျုံး။ငါ့ဘုန်းနှင့်ခြားနားတော်မူမည်မှူးမတ်များ။ ။

ဝန်တင်။ ။တင်ပါသည်ဘုရား။ရက္ခပါဌ်ရွှေစာ။ ကျမ်းဂန်လာသည်မှာ။ ပစ္စေကဗုဒ္ဓါ အလောင်းဗာရာဏသီမင်း။ ဘုရားအလောင်းမဟာသီလဝမင်း။ အရင်းအခံ။ ပါရမီ သန်လှသော။ဘုန်းကံကြီးမား။မင်းတရားတို့သည်။အများသတ္တဝါ။လူဗိုလ်ပါကို။ကရုဏာထပ်လျှောက်။ယင်တသောက်မျှ။သွေးပေါက်မယို။ချမ်းသာစေလိုသောကြောင့်။ ကိုယ်၏တိုင်းပြည်။ ထီးနှင့်စည်ကို။မကြည့်မသက်။ ပြည်ထောင်ချင်းတို့။ စစ်ခင်း၍ဖျက်သည်ကို။အမျက်မဝေ။ခန္တီမေတ္တာ။မှန်သစ္စာနှင့်။ ပညာ့ဝရဇိန်။ လက်နက်ချိန်၍။ငြိမ်စွာနေ။တုံ့ချေရန်ဘက်မပြုဘာ။ရန့်မလိုလျှင်။ရန်ပြုသည်ထုံး။ ရန်ခိုက်လိုလျှင် ရန်ပိုသည် ထုံးများကို။ ရွှေနှလုံးတော်ယူ။သွင်းတော်မူသဖြင့်။ ထီးဖြူဆောင်းချင်း။ မင်းတို့မျက်မာန်။တဘက်ရန်ကို။ သည်းခံခြင်း နှလုံးရေနှင့်။အောင်မြေနှင်း

တော် မူပါမည့် အကြောင်းကို။ မတ် ပေါင်းတို့ တင်ပါသည် ဘုရား။

မင်းကြီးဆို။ ။လက်ရုံးနှင့် ဉာဏ်။ မျိုးရိုး မှန်သည်။ နိုင်ငံလုံးထီး။အကျိုးတော်မြတ်။ရွက်ဆောင်တတ်တဲ့။အမတ်ကြီး။ ။ကာသိရဋ္ဌ။ရာဇညနှင့်။သီလဝမင်း။ သည်းခံခြင်းကြောင့်။ မိတ်ရင်းမပျက်။ အစည်ဆက်၍။ စစ်မက်ကင်း။ သိရင်းအရေးဖြစ်တော့သည်။ဘုရားအကြိုက်။တရားသို့လိုက်လျှင်လည်း။ လူနိုက်အရေးညံ့ခဲ့သည်။ တရားမဆံ။အားတိုက်ကြံ၍။ ရန်ကိုအောင်မြင်ဘူးသည်မှာ။ဝါသုဒေဝ။နရသနင်း။ တကျိပ်မင်းတို့။လုံးရင်းနည်းလျက်။မာန်ကြံတိတ်ခက်၍၊ သောင်းမျက်နှာငှ။တကျွန်းလုံးကိုကျူးကာယူ။ ဇမ္ဗူမင်းဆုံးမြဲဘူးသည်။ ကိုးကျိပ်ကိုးပါး။ ထီးဆောင်းများနှင့်။ မင်းများပြဖွဲ့ဒတ်။တိုင်းပိဒေဟ။ ပြည်ငယ်မျှကို။ ရုံကြ ပတ်သော်။ မတ်မဟော်ဉာဏ်။ တယောက် ထည်းကြံ၍ခံ။ နိုင်ငံတရာပျက်ဘူးသည်။ အာဇာ နည်းကြီး။ လက်ရုံးပညာ။ ဘုန်းသမ္ဘာနှင့်။ငါမင်းထီး။ ကြက်သီးစိမ့်ပါလိမ့်မလား။ လောကဓါတ်တဆူ။ဤမြေငှမှာ။လူကိုထါး၍။သိကြွားပင်မှုန်းကတဲ့။မြို့လုံးတည္တန့်။ငါမ႔ရှိဘူး။ ဇမ္ဗူကျွန့်တခွင်မှာ။ရာဇဝင်ထွန်းရစ်အောင်။ဘုန်းစွမ်းကိုပြတော်မူမည်။သာဝတ္ထိပြည်ကအောင်စည်တီး။ မြို့စီး၍ခံကြလေမှူးမတ်များ။

ဝန်တင်။ ။တင်ပါသည်ဘုရား။လောကတန္တု။အနုအကြမ်း။နှစ်သွယ်လမ်းမှာ။တကယ်တန်းအရေးရောက်လျှင်။ မြင်းမိုရ်ကိုဘောက်ပါမည်။ ရန်သောက်မာတင်။တသောင်းသောဆင်ကို။ရွှေခြသေ့်မင်း။ တကောင်ချင်း။ နှိပ်နင်းနိုင်မြဲ။ ကြောင်အား တကောင်။ကြွက်တထောင်ကဲ့သို့။ရန်ဘေါင်ခွဲ။နဲ့သေါ်များသောမဟုတ်ပါ။ကာ့လိက်ရာဇာ။ တိုင်းလုံးရုံ၍။ခံသည်စစ်ကို။ ဆုတ်နစ်မလန်။ မတ်နန္ဒိသိန်။ သုခမိန်က။ ဝရဇိန်ရောင်။ ရဲတထောင်နှင့်။ အောင်ဘူးဟန်ကို။ထုံးစံရှေးကရှိပါသည်။ဗာရာဏသီ။ ပြည်နှင့်တကွ။မကိုနှိုရတနာ။ ထီးတရာ။မြေမှာချ။လက်ရသိမ်းတော်မူ



ပါမည့်အကြောင်းကိုရှိခိုးသံတော်ဦးတင်ဝံ့ပါသည်။ ရွှေထီးပိုင်ဦးခိုင်စိုးတဲ့ရှင်ဘုရား။

မင်းကြီးဆို။ ။သင့်လှပါပြီ။ငါဧကရာဇ်မင်းမြတ်သည်။နဝရတ်စုံ။ပြသာဒ်ဘုံထက်။အာရုံမွေ့သိမ်။ကြက်သရေကြီးခန့်။မငြီးအံ့တဲ့။နန်းစည်းစိမ်ကို။ချမ်းငြိမ်တည်ကြည်။ရွှေသန်းလည်၍။စမ္ပါယ်မည်။ ပြည်ရေးတိုင်းရေးစစ်မက်ရေးများကို။ လေးလေးစားစား။ငါမကြားစေလင့်။အားသစ်၍ကြံ။မာန်စွယ်ဝင့်ဝင့်တခွန်သွင့်ထက်။ ရာမင့်ဉာဏ်ကို။ မြန်မြန် အောင် စေရမည်အမတ်ကြီး။

---

ပြည်ကြီးကိုဆော်ဘန်၍။မြို့ခံနှင့်ထားပြီးလျှင်။ အလံဦးကင်းများက။ဝန်နှစ်ပါးထွက်၍နေစေ။ဗာရာဏသီပြည်ကသံဝန်များရောက်စေ။စကားပြော၍မပြေပြန်စေ။

သံပြန်ဝန်က။ဗာရာဏသီမင်းကိုတင်ရန်စကား။ ။ဇမ္ဗူ့လကျာ။ မြေမျက်နှာမှာ။ စကြာလှည့်ပတ်။ ယဉ်ပျံစီး၍။ရန်မီးသတ်သည်။မန္ဓတ်နေမင်းနွယ်ဘုရား။ ။ကောသလစိုး။မင်းသတိုးသည်။တန်ခိုးတော်မြတ်။ဇာဒ္ဒိပါဒ်ကို။တတ်မသိရှာ။မရေမငံ။ထားမျက်မာန်နှင့်။ ခက်ထန်စွာ။ခွါရာတိုင်းမည်ကြံပါသည်။ကြမ္ဘာ ယုတ်ကြို။ ကျသိုလ်ကံ။ ဘုံ တသီးစံ။ သာဝတ္ထိ နှယ်။ မကြီးကျယ်တဲ့။နယ်နိုင်ငံကို။ ဌမ်းလှန်အောင်ဖျက်။ မင်းပါပြည်လုံး။ပြုတ်ပြုတ်ပြုန်း။ထုံးသို့ညက်အောင်။ ရွှေလက်တော်ရောက်ဆောင်ပါမည်။ဗာဟုံသဟာဿ။ လက်ရုံးထောင်ပွါး။ မာရ်နတ်သားပင်။ အားလာ၍ပြကတဲ့။ ကိစ္စမလောက်။ အရှင့်ကျသိုလ်။ဘုန်းတော်ခိုရလျှင်။ အလိုလိုပျောက်ပါလိမ့်။ စိုးကြောက်မထိ။သမ္ဘာကဲလွန်။ ဘုန်းရှိကျွန်။ မတ်ဝန်တို့အရည်နှင့်။ ရက်ရှည်မသွေး။ရန်မီးငြိမ်း။အရေးတော်ပြီးပါစိမ့်မည်ဘုရား။

မင်းကြီးဆို။ ။မဟော်သေန။ ဝိရူရသို့။ ဥာဏစက်မီး။
လက်ရုံးမိန်တောင်။ ရန်မျိုးအောင်တဲ့။ မတ်ခေါင်ကြီး။ ။သာ
ဝဏ္ဏမင်း။ ထီးတစင်းနှင့်။ သိမ်ဖျင်း နိုင်မှ။ ဗိုလ်ပါ အင်ခွင်။မရုံ
လင်။သာမညငယ်လို့။ ပေါ့ဆ၍လည်းမတော်ဘူး။တောမှူးရန်
ခွင်း။ ခြင်္သေ့မင်းသည်။ အခင်းမလောက်။ယုန်ကိုပင် ဟောက်
ကတဲ့။ခုန်ပေါက်ကွန့်ဝဲ။ ခွတ်တရကြမ်း။ အားကုန်လှမ်း၍။ဘမ်း
စမြဲ။ခွဲခွဲရှန်ယို။ ဆင်ပြောင်ကိုလည်း။ထိုယုန်ငယ်အား။ဘမ်းသည်
နဲ့နှင့်။မကွဲပြား။သါးမျှသနင်း။တေါမင်းသိဟ်။ကောသရသို့။လုံ့
လခိုင်ကြည့်။အနှန်းရှု၍။ ပြုကောင်းသည်။ ပြည်ငယ်တိုင်းကြပ်။
သင်းမှုကိုလို့မသိအပ်။သောင်းရပ်စမ္ပူ။ သပြေဂူမှာ။ထီးဖြူတ
ရာ။မင်းတကာတို့။သည်းချာဇွျမ်းဆောက်။ သည်တပွဲနှင့်။ရိုးစွဲ
ကြောံအောင်။မြေမှောံလုမှု။ ကြက်သရေပြောင်ရွှန်း။ နေဆယ်
ဆူထွန်းသည်နှယ်။ဘုန်းစွမ်းပြ၍။ ငါ့ကိုယ်တိုင် ချီတော်မူမည်။
သုံးဆဲ့ခြောက်ယူဇနာ။ ဗိုလ်ပါဖြင်ညီး။ တပ်တော်ကြီးကို။ခင်း
ပြီးယခုရှိပါလေစေ။အမတ်ကြီး။

ဓိမ်၍တပ်ခင်းပြီးလျှင်။ဝန်တင်ရေန်။ ။ကုက္ကိုပဒေ။ထိမ်သ
ပြေဟု။မြေနိမိတ်မှန်း။သစ်ရိပ်နန်းထက်။ကြဋ္ဌန်းလေးကြိမ်။ဘုန်း
ကြီးဖန်၍။စံရိပ်ငြိမ်။ဘူမိန်ထွတ်ဦးခိုင်ဘုရား။ ။မဇ္ဈမဒေသ။
ဖြူရိပ်ညီးညီး။ ထီးဆဲ့ခြောက်ဆူ။လူကိုးကျိပ်ကိုး။အမျိုးစရိုက်။မ
ကိုန့်ဆောင်းချင်း။ အခေါ်ဘဏီ။ တပ်ကိုစီနှင့်။ ပြည်ပြည်မင်း
တို့။ ခင်းကျင်းရဲဘော်။ အောင်စည် ညောင်း၍။ အောင်မောင်း
ဆော်။နောက်တော်လိုက်မည်ရောက်ပါသည်။ကာသိတိုင်းမြတ်
စံတော်မူရာ။ဝပြောသါတဲ့။ဗာရာရပ်တွင်။ စည်းကြပ်ရှိဟောင်း
တဆဲ့ရှစ်ခေါ်ဘဏီ။တွက်ရေးညီတဲ့။ စစ်သည်ပေါင်းကိုလည်း
တသောင်းလျှင်တချုပ်။ ဝေဿဝဏ်ဟန်။ ရဲမာန်ယိုထီး။ အံ့မ
ငြီး။ဗိုလ်ကြီးအချုပ်၍။သမုဒ်တောတောင်။ မြေကြောထုတ်သန်း။
ပြတ်ဘနန်းမှု။လေးခန်းဗျူဟာ။ကြည်းဘက်ရေခွင်။ဗိုလ်ပွဲယည်



တဲ့။သေနင်္ဂါ။သင့်ရာစီမံ၍။ အရန်သင့်ရှိပါကြောင်းကို။ ရှိခိုးသံ
တော်ဦးတင်ဝံ့ပါဘုရား။

မင်းကြီးဆို။ ။ဘုံပဏ္ဏမြား။ ယုန်ရထားသို့။ ဝန်းလျှား
ပတ်ခြံ။ ကြယ်ပေါင်းရံသို့။ ငါ့ထံစက်စုံ။ ဘုန်းတော် လှုံသည်။
ဂုဏ်သမာဓိ။ မတ်ကဝိတို့။ ။ကောသလတိုင်းချက်။ နယ်တ
ဘက်သို့။ ရွှေစက် ဖြန့်ချီတော်မူလျှင်။ ယူဇနာ၃၀၀၀။ တာစနစ်
ပိုင်း။ကာသိတိုင်းနှင့်တကွ။ဗာရာဏသီပြည်။ထီးစည်ကြဋ္ဌန်း။ရွှေ
နန်းလွှတ်ရုံး။နိုင်ငံလုံးကို။ဆုံးမနိုင်သူ။ဝန်ကြီးသတိုးသိရိမဟါရာ
ဇသကြံန်ကို။နိုင်ငံခပ်သိမ်း။အရေးငြိမ်းအောင်။အုပ်ထိန်းရှုံးခေါ်
၍။မြို့တော်မှာစောင့်ရစ်စေရမည်။ကိုးဆဲ့ကိုးဆူ။မျိုးခြားလူတို့။
ထီးဖြူစိုက်စံ။ ဇမ္ဗူဒိပ်ခွင်။ သောင်းဝန်းကျင်က။ ပြင်နိုင်ငံကို။
ဥာဏ်လက်ရုံးလွန်။ လူရေချွန်သော။ဝန်ကြီးသတိုး။ မဟာအတု
လ။ သေနင်္ဂဒိဗ္ဗဥတ္တမစည်သူကို။ ဇမ္ဗူမဏ္ဍိုင်။ သောင်း ခရိုင်
ထက်။အရေးပိုင်ခန့်တော်မူခဲ့မဉ်။အတည်တည်အရေးပုံ။စီရင်
ခင်းကျန်ပြီရို့။ တိတ္ထုံမင်္ဂလာ။တိတ်ဩဘာနှင့်။ ရွှေစကြာယနေ့
ဖြန့်ချီတော်မူမည်။မှူးမတ်များ။ ။တပ်တော်ချီ၍။ ကောသလ
နိုင်ငံစပ်တွင်။တပ်စခန်းချရပ်စေ။

မင်းကြီးဆို။ ။အာဠဝက။နတ်ယက္ခသို့။ ဒေါသလောင်
မီး။တန်ခိုးလိုက်ဆူ။ရန်ညွှန့်ချူတဲ့။စစ်သူကြီး။ ။သါဝဏ္ဏသခင်။
ပြည်ဘုရင်သည်။ မာန်ဝင်မျက်ငြိုး။လက်ရုံးကိုးနှင့်။ ကျိုးပြစ်မ
မြော်။ ရှက်ဆေးချေ၍။ နေမိသော်လည်း။ သူတော်သူကောင်း၊
ရှေးမင်းလောင်းတို့။ထုံးဟောင်းဓမ္မတာ။သတ္တဝါအထု။ပျက်စီးမှု
ကို။မပြုရာ။ မေတ္တာသက်မြဲ ဖြစ်ကြသည်။ သည်မင်းတပါး။မ
တော်၍မှားသော်လည်း။ အများဝေနေ။ ဤမြေပတ်လည့်။သွေး
ချောင်းဖြစ်၍။ ပွန်းနစ်မည်။ အရှည်မြော်ကောင်း မှပေသည်။မ
ကြည်စိတ်ဆိုး။ကြွက်ကိုငြိုး၍။အကျိုးမဲ့မြို့။ကျီမီးရှို့ယင်းသို့မပြု
ကောင်းပလေ။မချေမငံ။ရှေးကမှား၍။ဘောက်ပြားသည့်မှန်က
တဲ့။တဖန်နောက်ကို။သတိရ၍။ ဝန်ခံလိုလျှင်။မတိုတောင်းသင့်။

မေတ္တာ လမ်းကြီး။ မပိတ်ဆီး၍။ ခရီးဖွင့်။ အခွင့် ပေးကောင်း ပလေသည်။ သာဝတ္ထိဘုရင်။ စည်းစိမ်အသက်။ အရှည်ဆက်၍။ မပျက် ချင်လျှင်။ ဆက်တင် ပဏ္ဏာ။ နှိမ့်ချ စာနှင့်။ စကြာ ဦးခေါင်း။ မကိုဋ်ချ၍။ ဆက်သမည်အကြောင်းကို။ ဗိုလ်ပေါင်း လုံးထိး။စစ်သူကြီးက။ချက်ခြင်းပြီးအမိန့်တော်ပြန်။

ဗာရာဏသီမင်းကြီးအမိန့်အရသံဝန်တို့ကကောသလ
မင်းကြီးထံရာဇသံအမိန့်တော်ပြန်ခန်း။

ဘုန်းတော် အလွန်ကြီးမြတ်တော် မူလှသော။ ဥပေါသထရ တနာဆင်မင်းသခင်။ဇမ္ဗူသပြေ။ပဒေသာပင်။ မည်ထင်မစာိန်။ ကုက္ကိုပ္ပထိမ်ဟု။သိမ်နိမိတ်ခေတ်။ကမ္ဘာ့သစ်ဖြင့်။မှတ်အပ်သော။ ကျွန်းကြီးလေးသွယ်။ ကျွန်းငယ်နှစ်ထောင်တို့မှ။ သမီးကညာ။ ပဏ္ဏာစက်အောက်။ ဆက်သ ရောက်ရသော။ ခရိုင်တိုင်းကြီး။ ထီးတရာနှင့်တကွ။ အဝန်းသုံးဆဲ့ခြံယူဇနာ။ဗိုလ်ပါစစ်သည် အပေါင်းတို့ကို။။ အစိုးရတော်မူသော။ လက်နက်စကြာသခင်။ ရေမြေ့ သခင်။ ဘဝဿျင် မင်းတရားကြီး ဘုရား အမိန့်တော်ရှိ သည်။ကောသလမင်း။ငါတရားမင်းမြတ်သည်နိယတဗျာဒိတ်။ ဘိသိက်ရေစင်ယဉ်တော်မူပြီးနောံ။ကမ္ဘာအဆက်ဆက်။ ဆည်း ဘူးတော်မူအပ်သော။ပါရမီထူးရှိတော်မူသည်ဖြစ်၍။မဟာက ရုဏာတော်မြတ်ပြဋ္ဌာန်းရကား။သတ္တဝါအများကို ရွှေရင်တော် ပွါး။တယောက်သားခဲ့သို့။ သနားတော် မူရင်း မနောပဏိဓိရှိ တော်မူသောကြောင့်။ ကောသလမင်းနှင့်တကွ။ တိုင်းသူပြည် သားလူအများတို့။မြောပါးနစ်မွန်းမည်ကို။ရွှေကိုယ်တော်တိုင်ခံ စားရသခဲ့သို့။အလွန်ကရုဏာသက်ဝင်တော်မူသည်။ ကောသ လမင်းလည်း။တယောံချမ်းသာ။ကိုယ်ဘို့ရှာ၍။ သတ္တဝါပေါင်း။ ဆင်းရဲကြောင်းကိုမကြံအပ်။ မိစ္ဆာပုဏ္ဏား။ ခရီးမှား၍။ကမ်းပါး ပြတ်နိုက်ကျသည်ကို။ ဘုရားလောင်း မျောက်မင်းကယ်တင်၍ ကျွန်းသို့ ရောက်လျှင်။ မျောက်မင်းဦးခေါင်း။ သွေးချောင်းရဲရဲ။



ရိုက်ခွဲသည်ကိုလည်း။အမျက်တော်မထွက်။ အသက်နှင့်ဖလှယ် ၍။ကျောဝယ်တင်ဆောင်။လူ့ပေါင်သို့ပို့တော် မူဘူးသောထုံး။ နိဂြောဓသမင်မင်းသည်။ ကိုယ်ဝန်ဆောင်သမင်မကိုကိုယ်အ သက်နှင့် ဖလှယ်၍။ ကယ်ဆယ်တော် မူဘူးသော ထုံးများကို ထောက်သင့်သည်။ ကိုယ်အသက်စည်းစိမ်ဆိုသည်မှာ။တသက် လျှာမျှ သင်္ခါရ သဘော ဖြစ်သည်ကို နှလုံးထား၍။ ကိုယ်တခု ကြောင့်။ အများသတ္တဝါ။ မချမ်းသာအံ့သော အရေးကို။ မကြံ ကောင်း။တရားကိုမသိ၍။သာဝတ္ထိဘုရင်။စစ်ဆင်ရခံငြားသော် လည်း။တသိန်းနှစ်သောင်းအထု။ပန်သုမြေရန့်ကဲ့သို့။များပြားလှ စွာသော။ ဗိုလ်ထုရဲမက်။ လက်နက်အင်အားနှင့်။ ငါကိုယ်တိုင် ရွှေစက်ကြာ ဖြန့်ချိတော် မူလာ သည်ကို။ မြင်းမိုရ် တောင်ဘိ မည်ပိုး၍။ ကျူရိုးနှင့်ကျားကန်သခဲ့သို့သာ ရှိရာသည်။သို့အကြံ များမိသော်လည်း။ငါအမျက်တော်မရှိ။သာဝတ္ထိဘုရင်အါးသာ။ သနား ညှာတာတော်မူသည်။ စည်းစိမ် အသက်။ မပျက်မပြို။ ချမ်းသာလိုလျှင်။ဗိုလ်ပါရဲမက်။လက်နက်စစ်အင်ကို။ သိမ်းရုံး၍။ ဆင်ကြီးမြင်းကြီး။ သမီးကညာ။ပဏ္ဏာဆက်နှင်း။ စက်ရင်းခိုလှုံ မှ။ အရေးပုံလှမည်အကြောင်းကို။ အမိန့်တော်ရှိသည်ကောသ လမင်း။ ။

ရာဇသံတင်ဘတ်သည်ကိုကြား၍။သာဝတ္ထိမင်းဆို။ ။ သတ္တရဘန်ရေ။ပတ်ခြံခွေသည်။ ရွှေတခဲဆိုင်။တောင်ဦးခိုင်သို့။ ဗိုလ်မြိုင်ရာဝဲ။ငါ့ထံမြဲသည်။နက်နဲပညာ။မတ်မဟာတို့။ ။ဗာ ရာဏသီမင်း။ ငါ့ထံရင်းသို့။ သတင်းရာဇသံ။ စေလွှာဟန်ကို။ ဘတ်ပြန် ကြားသိရလေပြီ။ သည်အရေးကို။ ခွင့်ပေးကြည်ဖြူ။ မေတ္တာဆက်၍။လက်မှတူ။မိတ်မူရသော်သင့်မလား။သို့မဟုတ် က။ဘုန်းစွမ်းပြ၍။မာနသံတိုင်။ ဒေါသမီးနှင့်။ စစ်ကြီးဆိုင်။အား မြိုင်ရသော် သင့်မလား။ နှစ်ပါးဆုတ်တက်။ အရေးပုံသည့်နှစ် ချက်ကို။ အနဿပညာနှင့်။ တိုင်းထွာ၍ သံတော်ဦး တင်ကြ မှူး မတ်များ။

ဝန်တင်။ ။တင်ပါသည်ဘုရား။ ဗာရာဏသီမင်း။အခင်း
သိလို။ အရေးဆိုသည်မှာ။တို့စေအပ်သည့်ရန်စ။ ရှည်စေတတ်
သည်ချစ်စ။ ဧါသဖျက်၍ပျက်ပြားသည်။ မေတ္တာများ၍စည်
ပွါးသည်။ မင်းသားရွယ်နု ဒီဃာဝုလုင်သည်။ ကြွေးတင်ရှေး
က။ ရန်လက်စကြောင့်။ ဗာရာဏ မင်းမြတ်ကို။ သတ်ခွင့်ရပါ
လျက်။မေတ္တာရှေးတည်။ရန်မရှည်အောင်။ဖြေသည်သိမ်းယုတ်
အမျက်ကိုချုပ်သဖြင့်။ ပစ္စုပ္ပန်မျက်မှောက်။ ရွှေနန်းပိုင်စိုး။ရိပ်မြုံ
မိုး၍။ ကောင်းကျိုးရောက်။ အထောက်သက်သေဖြစ်ပါသည်။
သံဝရမင်း။ စံခင်းနိုင်ငံ။ ကိုးကျိပ်ကိုးပါး။ နောင်တော်များတို့။
စစ်အားရုံသော်။ အကြံလိမ္မာ။ နှုတ်ချိုသံမြွက်။ ပညာဆက်၍။
သက်မေတ္တာ။ရိုက်ရာမပျက်တည်ပါသည်။ကါသိမင်းကြီး။ထီး
တပွင့်ဆောင်း။သူအရေးတောင်းသည်ကို။နှုတ်စောင်းမရှ။ခန္တီ
မေတ္တာ။ မိတ်ဆက်စာနှင့်။ပညာသ။ရန်စသိမ်းလွယ်မှ သင့်ပါ
မည်အကြောင်းကို။ရှိခိုးသံတော်ဦးတင်ဝံ့ပါသည်ဘုရား။

မင်းကြီးဆို။ ။အလှနှစ်ဘက်။ ရွှေချည်ယက်သို့။တင်ချက်
သင့်လျော် လှပေပြီ။ သဃ်ာအားကို ဘုရားမဆန်။ အကြောင်း
တော်၍။လျော်သည်မှန်။နာခံရမည်ဖြစ်တော့သည်။ သို့ဖြစ်ရာ
တွင်။ငါတနန်းစံ။နိုင်ငံတသီး။အသ ဖွံ့နံ့ဝင်။နေမျိုးစင်တဲ့။ဘုရင့်
ထီး။ကြီးပြီးမှငယ်။သူ့လက်အောက်သို့။ငါရောက်သဖြင့်။လမ်း
မသင့်၍။မတင့်တယ်။ ရှက်ဘွယ်လိလိဖြစ်တော့မည်။ငါ့ကိုယ်
တချ။ ကောင်းလို့မှုကြောင့်။ ဗိုလ်ထုအလှေး။ စစ်မက်မှု၍။ညှိုးပူ
ဆွေး။ ဘေးလည်းမဖြစ်စေနှင့်တော့။ လက်ာဒိပ။သီဟဠနိုက်။
သဃ်ဗော့ဓိမင်းမြတ်သည်။ ဥက္ကာဌ်ရတနာ။ လည်ညွှန့်ညှာကို။
သစ္စာတိုင်ဆို။မပြင်ငြို။အလိုလိုရွေ့စေ၍။နတ်ပြည်စံတော်မူဘူး
သည်။ဘုရားလောင်းမြဟ္မာတို့။ခန္ဓာကိုငြီးငွေ့၍။ပြကတေ့ရုပ်နံ
က။ ဘောက်ပြန်စွန့်ခွါ။ လူ့ပြည်ရွာသို့။ ဖြစ်လှာစဘူး ကြလေ
သည်။အလားတူစွာ။ဘုရင်ငါလည်း။ သစ္စာတော်တိုင်တည်၍။
လူ့ပြည်ကိုမချစ်။ သာမျိုးစုံတဲ့ နတ်ဘုံစစ်မှာ။ နန်းသစ်စံတော်



မူတော့မည်။ အရေးပုံ အရပ်ရပ်ကို။ မှူးမတ်တို့ စီရင် ရစ်ကြ
တော့ဗျား။

သာဝတ္ထိမင်းကြီးက။မိဘုရားကိုခေါ်၍မှာရန်စကား။ ။
မှုံတပျုံပျုံ။ ထုံရနံ့။ ကုံကမန့်နွယ်။ ကြာကြာဌန်းဘွေ့။ ညာနန်းနေ
တဲ့။ပြည်လုံးမယ်။ ။ရွှေဥဏ္ဏာလုံ။ခေတ်မွေ့ဘုံမှာ။ ဘုန်းဆုံရ
အောင်။မေတ္တာနှစ်ကုံး။ သစ္စာတော်ရုံးခဲ့တဲ့။ကြောဘုန်းခေါင်မို့။
ညောင်တညီလာ။ဆောင်သီဟာမှာ။ဗျာပါမွန်းနစ်။ ကြွေမကျွန်း
မလွန်းရစ်ပါနှင့်။ခေတ်ပိသယ။အနန္တမှာ။ရှိကြများစွာ။သတ္တဝါ။
သူငါနည်းတူ။ သေကွာရှင်ကွဲ။ ပင်မမြဲ၍။ ဆင်းရဲတူ။ ဘုံသူတို့
တမ်းဖြစ်ပေသည်။ဆွေမွဲ့သခင်။ငါဘုရင်မူ။ပြည်ရှင်နန်းသီး။တ
ဆူထီးနှင့်။မင်းကြီးတကာ့။ သူ့လက်တွင်းက။စာရင်းဌါး။လား
လားမဖြစ်လိုပြီဘူး။ ကပ်ဦးသမ္မတ။မြတ်ထူးလှတဲ့။ အာဒိစ္စမျိုး။
ငါနန်းရိုးကဘဲ။ တန်ခိုးယုတ်၍။ ဂုဏ်နှုပ်ဘာပြုခံမလဲ။ လည်ခွဲ
နတ်နွယ်။ညာနန်းနေတဲ့။သန်းရွှေမယ်မှာ။ညှိုးငယ်မလျော်။စိတ်
ဖြေဖျော်။အားတော်မလျော့။မဆွေးအောင်ဖန်။ ဇာအောင်ကြံ၍
စံရစ်တော့။ ရွှေနန်းကြော့ ဘုန်းမော်မှာ။ သစ္စာတော်မိန့်ရှာန်၍။
ပိညာဏ်ကိုသိမ်းရအေါင်။မြစိမ်းရောင်ညှို့ရွှန်းတဲ့။နတ်ကွန်းနှင့်
ဥယျာဉ်သို့၊ ခိုဝင်တော်မူမည်သက်လယ်ငယ်။

မိဘုရားဆို။ ။ကြက်သရေစုံ။ တက်နေဆုံ၍။ ဂုဏ်တန်
ခိုးရှင်။ ပဝရာဘိ။ သမ္ဘာချိတဲ့။ အာဒိဝင်။ ကေရှင်မယ် ခံညှာ
ဘုရား။ ။

ညာသဘန်းဘွေ့။ ကာသန်းရွှေမှာ။ ငွေခရုရည်။ ဘိသိက်
တော်ကြည်ကတဲကာ့။သည်ကနေ့လို။ရွှေဗျာညွှန်းတဲ့။ ခွန်းပိုမို။မ
ဆိုဘူးပါကလား သခင်ငယ်။စမ္ပာယ်နှင်းသတ်။မြတ်ဥက္ကာဌ်မှာ။
ခေါင်ချုပ်ကယ်ကေသီ။မရုံးမှိုက။ဆွေသာကီတဘုန်းကို။ ရွှေဒါ
လီတကုံးကဲ့သို့၊ ရုန်းမှုရိပ်မထင်။ ရင်သဲဘွင်တွင်။ စွဲခဲ့တဲ့သခင်
မို့။ဆိုက်ချင်ရာဆိုက်။နောက်တော်ကအမြဲ။ဘယ်မခွဲ။မယ်ဗလဲ

လိုက်တော့မယ်။ ရာမကိုန်ထွတ်ဖျားက။ သည်ကျွန်ကိုသနား ရင်ဖြင့်။ထားရက်တော်မမူခဲ့ပါနှင့်ရွှေနန်းရှင်ဘုရား။

မင်းကြီးဆို။ ။ရာရတီချိန်။ဒါလီစိန်သို့။သိန်မမျှဘွယ်။ဆင် မရန်းနိုင်။ယင်ဆုံးတိုင်တဲ့။ဦးခိုင်နွယ်ငယ်။ဘုန်းကြွယ်ဇေကရာဇ်။ ငါဘုရင်ကို။ ခင်မင် ချစ်၍။ မပစ်နိုင်ဘဲ။ နတ်ပြည် ပျော်လျှင်။ နောက်တော်ကမြဲမယ်လို့။မြဲလဲ့ညို။မူရာလွန်းလို့။ရွှေခွန်းတော် ချိုကတဲ။တကိုယ်တော်တည်း။ကိစ္စနည်း။ မဲ့ချည်းမဟုတ်။နွတ် ငုံပဗ္ဗမြား။နန်းလျှာထားမဲ့။သားရွှေရုပ်ကို။ ပိုက်ထုပ်သာကြည်။ သဋ္ဌေသုံးလ။ရာသီမျှနှင့်။လွယ်ရသည်။ပြည်မိဋ္ဌိလါ။နန်းကခွါ။ ညာမပေါဘွဲ့။အရိဋ္ဌမင်း။သက်လုံးနှင်းတဲ့။ဝင်းလဲ့လဲ့မှာ။သီးမွှဲစံ ရွှေ။ပဗ္ဗမြားဂူထဲ။ နွတ်ငုံမြဲတဲ့။ စွဲသည့်သဋ္ဌေကို။ တပြေရုပ်ဘောင် ကိုယ်ရုပ်ဖျက်လို့။သက်ရွယ်ဆောင်။ နောက်နောင် နန်းရိုးဆက် ဘူးတယ်။သည်ထုံးစံကို။မှန်ကြားကြေ့ဆွေ။ ညာတော့ရွှေက ရွှေနားတော် ဆင်ညောင်းလို့။ နောင်ကောင်းအောင် ကြံရစ် ပါ တော့သက်လှယ်ငယ်။ ။အမိန့်တော်ကျွန်ပါဘုရား။

မိဘုရားဆို။ ။အထပ်တရာ။ပဒုံမာ။ပန်းကြာတိုက်နှယ်။ရွှေ ရင်ညွန့်ဖျား။ သဋ္ဌေနားတဲ့။ သားနန်းနွယ်ကို။ အန္တရာယ် ကင်း အောင်။ရွှေကိုယ်တော်စား။ဘာရာထား၍။ပိုက်ဖြားဆောင်။ နောံ နောင်နန်းညွန့်ဆက်ပါမယ်။ ကံငယ်တဲ့ခေတ်။ ကြုံကြိုက်လို့ဖြစ် ကမင့်။အဆစ်အပိုင်း။ တော်ချိန်ရောက်လျှင်။ တော်လောက်ကဲ့ သာတိုင်းရတော့မယ်။ ကာသိုဏ်းကြော့ရတနါ။မသွေရက်တဲ့။ ရွှေမျက်နှာကို။တခါသည့်ပြင်။ဖူးရခွင့်မြင်ပြီဘု။ဆင်ဂရုန်းလမ်း ဆုံးမှတ်ချေတော့မယ်။ ။

မိဘုရားငို။ ။ပလျက်ကယ်သာ။မြမျက်နှာငွေလကာ။ဒေသ ထိမ်ပင်ပျို့သို့။ခိုလှုချည်ပေါ့။ ။မလွှဲသာ။ကိုယ်လွတ်ခွါ။အနိုင် ရုံးလို့။ဘုန်းဘုန်းကိုမှိအောင်လှမ်းခဲ့မယ်။မြန်းနှင့်ရှာတော့။

မင်းကြီးဆို။ ။ရတနာလှိုင်။နံ့သာမြိုင်မှာ။ ခိုင်မဥ္ဇူဇာတ်။ ဆင်ပလဲခွေ။ရင်နဲ့ပွေတဲ့။ သဋ္ဌေနတ်ကာယ်။ နန်းလုံးတိပ်တင်ငါ



ဘုရင်သည်။သဘင်ဝေယန်။ စိန်နဝရတ်။ ထိန်ထိန်လျှပ်တဲ့။နတ် ဗိမာန်က။ ညာနားပန် ဆွေပေါင်းကို။ နောင် ကောင်းအောင် စောင်မ၍။ ဘုန်းပြတော်မူလှာမည်။ နေခြည်မခတ်။ ခွေလည် ပတ်သည့်။ရွှေဆဒ္ဒန်ဒိုင်။ချူတသင်းသင်း။ညိုဝင်းဝင်း။အင်ကြင်း မြိုင်ကာ။ပန်းခိုင်ဆွတ်လေပြေ။ညာစရတ်ပြူတင်းမှာ။ သုတ်ညှင်း ကာခွေမင့်။ ကြက်သရေ လျှံမွှန်းတဲ့။ နတ်ကွန်းသို့ ခိုတော်မူ တော့မယ်။နန်းသူငယ်။

သစ္စာပြု၍။မင်းကြီးနတ်ရွာစံစေ။

တခန်းရပ်။

## တိုင်းပြည်တွင်ကျန်ရစ်သောမှူးမတ်တို့ တိုင်ပင်ကြစေ။

အမတ်မင်းတို့။ ။ကျွန်ုပ်တို့သခင်၊ရွှေနန်းရှင်လဲ။ဝိညာဉ်တော် လိပ်ပြာကို။ သစ္စာနှင့်ဆုံးဖြတ်၍။ ထက်နတ်ဘုံမြေနိမိတ်မှာ။ရွှေ တံဆိပ်ခတ်တော်မူပြီ။ ကျွန်ုပ်တို့တိုင်းပြည်လဲ။ ချဉ်အထိန်းဖြတ်။ မရှိအပ်ပေဘူ။ညါနတ်ထွတ်ထား။ကြော့မှူးသီရိ။စံမရှိတဲ့။မိဘု ရားကို။ခမ်းနားမြင်းဆင်။ဗာရာမင်းကျော်။အောင်တပ်တော်သို့။ ပင့်ခေါ်ငင်။ ဆက်တင်သွင်း၍။ ကျွန်ရင်းခံမှ။ နိုင်ငံချမ်းသာချေ တော့မယ်မင်းကြီးရို့။

ဗာရာဏသီမင်းကြီးကို။ မြို့ခံဝန်တို့တင်။ ။ဖလ်ဘုံတဆူ။ ဥဏ္ဏာဂူသို့။ မှုံမှုံချွေလွင့်။ ရာဇဝံ ရွက်။ မာန်အမျက်ကို။ဥာဏ် စက်ဝင့်သည်။ မင်းမင့်ထွတ် ဥသျှောင်ဘုရား။ ။သိဒ္ဓတ်မင်း သား။ဘွားသည်နေ့တွင်။ ပစ္စေကဗုဒ္ဓါ။ရန်မက်ကွာတဲ့။ ရှင်မော တင်သည်။ဝိညာဉ်ရွှေရှား။ဘုန်းမတန်၍။ နိဗ္ဗာန်လား။မခြားထို ပုံ။အရှင့်သမ္ဘာ။ ဘုန်းတေဇာကြောင့်။ သာဝဋ္ဋိမင်း။ တတော လင်း၍။ကံကြွင်းကျန်။သူပုန်ပြေး။အရေးယချငြိမ်းပါပြီ။ ကောသ

လတိုင်းကြီး။ထိုးနှင့်တကွ။ ရတနာမဟော။ ညာရဝေမှာ။သရေ မြတ်တဲ့။နတ်တမျှကို။ဆက်သပြီးသော်။ ပြည်သူချမ်းမြေ့။ဘေး မတွေ့၍။ကြည်မွေ့လျော်။ဘုန်းတော်ခိုလှုံရပါမည် အကြောင်း ကိုရှိခိုးသံတော်ဦးတင်ဝံ့ပါသည်ဘုရား။

ဗာရာဏသီမင်းကြီးဆို။ ။သာဝတ္ထိပြည်သား။မှူးမတ်များ တို့။ဘုရားဆုပန်။ ငါဘုန်းသန်သည်။ရန်ကင်းစိမ့်ငှါ။ ဘုန်းရိပ်ခို တဲ့။လူဗိုလ်ပါကို။မေတ္တာနေ့တိုင်းပို့သသည်။ မန္တီမကျူး။ လူရိုက် မျိုးကို။ကြောက်ရိုးရုံမှု။ပဘာဝဟု။ရာဇဂုဏ်သိမ်း။စကြာကွန့်၍။ ရန်ညွန့်နှိမ်။ ဘုန်းရှိန်ပြတော်မူလှာသည်။ ထားတပြက်မျှ။လက် နက်မရှ။အရေးတော်လှမင့်ကို။ညာနန်းမသော်မော်။ သာဂီယ ဇာတ်။နွယ်ရိုးမြတ်တဲ့။နတ်မနော်ကို။လှကျော်တော်ရံစေ၍။ တိုင်း ပြေကိုပြန်တော်မူတော့မည်။ပြည်သာဝတ္ထိ။ တိုင်းဘူမိကို။ပက တိအတိုင်း။ထုံးပိုင်းမယွင်း။ငါ့အာဏာနှင့်။ သာပွင့်လင်းအောင်။ မောင်မင်းတို့အုပ်ချုပ်ရမည်မှူးမတ်များ။ ။

ဗာရာဏသီမင်းကြီးအမိန့်အရ။မှူးမတ်တို့
တိုင်းပြည်ပြန်စေ။

တခန်းရပ်။

---

မင်းကြီးက။မိဘုရားကိုခေါ်၍တိုင်ပင်ပြီးလျှင် တိုင်းပြည်
ကိုပြန်ခန်း။

မင်းကြီးကမိဘုရားကိုပြော။ ။ဘမရာခံ။ညာသဟံမှာ။ကြာ ရံကြေ့လယ်။သူဇာပြကတော့။မူရာလေ့တဲ့။ဘုန်းဟော့မယ်။ဇမ္ဗူ လုံးနတ်။ငါမင်းမြတ်သည်။မန္တတ်သမ္ဘတ။ဥက္ကါကရာဇ်။နွယ်လှာ စစ်တဲ့။မြစ်မူလ။ကမ္ဘာ့ဦးခိုင်ဖြစ်ခဲ့သည်။ငါရာဇာမှာ။ညာမကိုနှ ငှ။သာဘိသေက။သရေပတဲ့။ လှမှန်ကူ။ နန်းသူနတ်ပြည်ပျော်ခဲ့ သည်။အကြည်တော်မြတ်။လကျာနတ်ကို။ ဇာတ်အနွယ်တူ။စင်



ကြယ်သူကို။ဇမ္ဗူမျက်နှာ။ လှည့်၍ရှာသော်။ သည်သာတပါး။ ဥဏ္ဏာလုံပြင်။ရွှေရည်မှင်နှင့်။ ကြင်စာသား။ မယ့်အားယချ။တွေ့ခဲ့ တယ်။စိတ်ဝယ်ဒုဟ။သဘောမကျေ။မနေသတွေ့လို့။သွေမခွနှင့်။ ပဒုမရိပ်သာမှာ။ မိတ်လျှာတော်ရုံ။ ထိုးနှစ်ဆူလှုံရအောင်။ ကြိ တပုံသစ်မဆန်းသင့်ပြီဘု။ ချစ်စခန်းရပ်တော်မူတော့ နန်းကြီး သူငယ်။

မိဘုရားတင်။ ။ရတနာစု။ ညာသမုမှာ။ မာလာ ရှုဆွေ့။ ခေါင်တနန်းလုံး။အောင်ပန်းကုံးတဲ့။ ဘုန်း ဝေဝေ။ သပြေကျွန်း လုံးရှင်ဘုရား။ ။မိန့်တော်ကျူပျို။ မညှုနုံး။ သန့်သန့် ကလေး။ သည်ကျွန့်စိတ်မှာ။ရိပ်ခနဲမွေးတဲ့လျှင်။သွေးမငြိမ်သက်။လိပ်ပြာ ကင်းကွေ့။ တပိုင်းသေ။ သည်းခြေပျက်ရို့။ အသက် ဆံဖျား။ ကြောက်အား ပိုလွန်းလှပါတယ်။ ကိုယ်ဝယ်မအား။ မပေါ့ပါး။ ပတ္တမြားပွင့်ခက်။သုံးလရာသီ။ပီပီနှုနယ်။သားနန်းနွယ်ကို။လွယ် ရလျက်ရို့။အသက်ကိုမခင်။ သေလိုက်စမ်းချင်ကတဲ့။ရွှေတပင် ပွါး။သည်မယ့်အား။ သားကိုသတ်ရာရောက်တော့မယ်။ ဘုန်း ကြွယ်ဘုရား။ရှင်သနားပါလျှင်။ဆင်းရဲသား အဖြစ်။မြကောသွယ် မွဲ။ဆိမခွဲ။ဝတ်လဲညစ်နှင့်။လမ်းဆစ်ကန္တာ။တအိမ်မပေး။ တအိမ် ပေး။ဝမ်းရေးရှာလို့။ကြမ္မာကံဆန်း။ရောက်ရာလှမ်း။ မြန်းရမည့် အရေးကို။ခွင့်ပေးတော်မူပါရော့။ရွှေနန်းရှင်ဘုရား။

မင်းကြီးဆို။ ။ငွေရတနာ။ ဟောမဝါမှာ။ ကောလာနန်းသူ။ အကျော်တဘုန်း။ မနော်နှုန်းတဲ့။ ကြေ့ဆုံးမူငယ်။ ။သဘန်း ပလ္လင်။ကြဲဌန်းပြင်ဝယ်။ရေစင်သွန်းချွေ။ သမ္ဘာမြတ်တဲ့။ညာနတ် ဆွေတို့။ မင်းဧကရာဇ်။ ဆက်ဆက်လဲ၍။ နန်းပွဲပင် သစ်သော် လည်း။ ခေတ်မကျန့်သင့်။ မိဘုရားမြတ်။ တပါးနတ်ကို။ ဆယ် ထပ်ပြန်၍။ခံဘိသေမြင့်ကတဲ။ဘုန်းပွင့်လေလေဖြစ်တော့သည်။ အမည်အမျိုး။တန်ခိုးနည်းပါး။မိဘုရား များသာ။ သဘောထား သေးနုပ်၍။ရုပ်ပျက်နံပျက်ပြုကြသည်။ထိုးစည်ကနက်။ မင်းငါး ဆက်ပင်။နန်းထက်တင်။အခင်မချို့တဲ့။ရှင်ဘို့မယ်ကို။နယ်ဇမ္ဗူရုံ။

သောင်းနိုင်ငံမှာ။ အောင်သံလျှိုင်း။ သံပိုင်း မြှောက်တင်ကြလေသည်။စာအနှုန်းတွေ။ထုံးဓလေ့ကို။သုံးရွှေမကျိုန်။သဘောတော်ပိုက်ရင်ဖြင့်။ စရိုက်ကိုမဘောက်။ စောင့်စည်းရာ ရောက်လိမ့်မည်။မြီးဆံညှောက်တပင်ကို။ချစ်ခင်လေးစား။အသက်ကိုမသိ။စာမရှိသားခဲ့သို့။ ရွှေလားနောက်မြော်။ ချိုဗျာညွှန်းတဲ့။မိန့်ခွန်းတော်ကို။ ထိပ်ပေါ်ဆင်မြန်း၍။ ပူခန်းကို သိမ်းတော်မူရမည်။ညာနန်းစံငယ်။

မိဘုရားငို။ ။သက်တကိုယ်။ရက်တိုတိုသေချင်လှပါပေါ့။တင်ပါ့ရွှေထား။ ရှက်စဘွယ်။ ရွှေမျက်ရည် တလယ်လယ်နှင့်။သူ့နယ်ကိုပါရဒိုးမယ်ရှင်။ဘုန်းမြင့်ရဲ့လား။

မင်းကြီးဆို။ ။သိကြားလက်သုံး။မိုးစဲကြိုးမှုန်းသည်။ညာရုံးဟန့်ဆီး။ ရန်ပွယ်. ချိုးဖြုတ်။ကျားနှယ်ချပ်တဲ့။ ဗိုလ်ချုပ်ကြီးတို့။ ။ကောသလမင်း။မာနတင်းသည်။ဘုန်းချင်းမမျှ။အကြည်အသာ။ငါ့အာဏာနှင့်။ တိုင်းပါကျုံး။ အားလုံးကိုရလေပြီ။ညာနန်းမသောင်မောင်ကို။လက်ျာတော်ခစေ၍။ မဏ္ဍလ မြေမျက်နှာဝယ်။ ရွှေစကြာလှည့်ရစ်။ ရာဇဝင် တစောင်ဆန်း၍။ နောင်ဥဒါန်းဖြစ်ရအောင်။စစ်အင်္ဂါလေးမည်နှင့်။စံတော်ပြည်ဗာရာသို့။ရွှေစကြာကွန့်မြူး၍။ အောင်လှံဦးလှည့်တော် မူတော့မည်။ ထီးစည်သီးခြား။ရာပြည်ထောင်မင်းများကို။ရေးရာထားကြီးစီရင်၍။တပ်စည်နှင့်နောက်တော်လိုက်ကြစေ။စစ်သူကြီးတို့။ ။ပြန့်၍ရောက်စေ။ ။ပြည်တော်သို့ရောက်လျှင်။ဆိုရန်စကား။ ။ဘွဲ့ပြုမျက်စောင်း။သံချောင်းဝရဇိန်။ ပစ်ချိန်လေးပါး။ လက်နက်အားသို့။တိုင်းကားငြိမ်ဆိမ်။ ရန်လုံးနှိမ်သည်။ ဂုဏ်သိမ်ကြီးကျယ်။မတ်လေး သွယ်တို့။ ။ဇမ္ဗူလျှော်မှည့်။ နှတ်တရှည့်သို့။ ငါ၏သက်လယ်။ သာခန်းရဝေ။ ညာနန်းနေတဲ့။ ရွှေများမယ်မှာ။မူးဆယ်လီမှန်း။ပုလဲမြတ်မျိုး။ တံမ်တိုက်စိုးတဲ့။ ဘိုးပြည်တန်ခဲ့သို့။ဘုန်းကံပြဋ္ဌရုံ။ဓါတ်ပရမေ။မြတ်သန္တေနှင့်။ ရွှေနတ်ငုံသဥ်။အမုံရင့်မာ။ ပွင့်ချိန်နီးသည့်။ဒိုင်ကြီးကြာသို့။ အခါတန်လောက်။မီး



ရှူးမြင်။သန့်စင်ချိန်ရောက်ကပြီ။ ထီးအောံနန်းဘွား။ မိဘုရားနှင့်။ပြည်ခြားထီးဆောင်း။ မင်းပေါင်း မဟောသိ။ဒေဝီစန္ဒီ။ သိင်္ဂိရွှေလိပ်။တံဆိပ်ထူးမြတ်။ မှူးမတ် ကတော်။ သန်းရွှေဘော်တို့ကို။ မြေဖျော်ပိုက်ဖြား။ခစားစောင့်နေစေ။ငွေမိတာန်ရွက်။ထီးချက်ကာသန်း။ မီးရှူးမြော်ဘို့။စံတော်နန်းများကိုလည်း။ မင်းခမ်းနှင့်လျှော်ကန်အောင်။စီမံပြီးပြေကြစေရမည်။မှူးမတ်များ။

တခန်းရပ်။

---

## ကောသလမင်းကြီးရက္ခစိုးနတ်ဖြစ်၍ ထွက်စေ။

နတ်ဆို။ ။မဟာဂိရိန်။နေ့ရှသိန်ဝယ်။ဒေဝိန္ဒြ။ သိကြား့ကျွန်ယုံ။ကုသိုလ်ဟုန်ကြောင့်။နတ်ဘုံတရိုး။ ကြီးမားတေဇော်။ အာနုဘော်နှင့်။လွန်ကျော်ဟိုးသည်။ ရက္ခစိုးနတ်ငါဖြစ်သည်။ လူတို့ပြည်ဝယ်။ထီးစည်ပိုင်သ။ကောသလဟု။ဘဝသခင်။ငါဖြစ်စည်က။ ဝိညာဉ်တော်မြတ်။ မနောဓာတ်ကို။ ဆုံးဖြတ်ဖန်ဆင်း။ထီးနန်းရိပ်မြုံ။လူတို့ဘုံကို။ အာရုံကင်း။ နတ်မင်းယာဉ်ဖြစ်လှာသည်။ဗုန္ဒိနီညို။မြရေပို။ပင်ကိုရက္ခ။ဗိမာန်ကြဌန်း။သါယာဆန်းတဲ့။နန်းသော်ကသို့။မြန်းကြွချိန်မှန်။အခါသင့်။အခွင့်လည်းတန်ချေပြီ။နန္ဒမူလှိုင်ဦးဝယ်။ ခိုင်မဉ္ဇူမာလာဖူးကို။ လေပြူးကာတဖျတ်ဖျတ်။ဝဲယာလွှဲခေါက်ပြန်လို့။ညာတံကိုခတ်သောခါ။မြပန်းချပ်ကြွေသံကို။နာခံ၍မြန်းရဒိုးတော့မယ်။

ပြော်နဝရတ်ရောင်လျှံ။ဘုန်းကျိုးဖန်။ ဗိမာန်ကွန်းမြှောက်။သော်ကရွှေငုံ။ပင်ရိပ်မြုံ။ငါ့ဘုံသို့ရောက်ကပြီ။နောက်ပထမ။လူ့ဘဝက။ဗာရာဏာမင်း။ ငါ့ညာနန်းပျော်။နတ်မနော်ကို။ချစ်ဘော်ဖျက်ခွင်း။နှိပ်နယ်နင်း၍။အတင်းဆောင်ယူ သွားလေသည်။ဝင်းကြည်ညိုလဲ့။ပင်ကိုနွဲ့။နတ်ကဲ့မှုယူ။ငါ၏သက်မှ။ကြင်မဝတဲ့။လှ

မဉ္ဇူမှာ။ယူသနွေ့နေ့။ရွှေကြာတိုက်ဝယ်။ဆောင်ပိုက်လွယ်၍။ ဆယ်လစေ့။ခနေ့ဘွားရှာတော့မည်ကို။အပဟိုရှေးခါ။ မိတ္တိလာ ဝယ်။မဟာဝင်ဆက်။စဉ်မပျက်သည်။မဏ္ဍဒေဝ။နရိန္ဒသို့။ ဗြဟ္မာ့ ဗိမာန်။ဘုံမိုးရုံက။ ပျော်စံလျက်ပင်။နွယ်တော်စဉ်ကို။ ရာဇဝင် မြစ်။ မပျက်ရစ်အောင်။ အားသစ်လုံ့လ။ ဘုန်းရိပ်ပြ။ စောင်မ ကြည့်ရှုဘူးကြသည်။ ရွှေရည်နှိုင်းလျှော်။နေမျိုးညွန့်ဖျား။ ခနေ့ ဘွားတဲ့။ငါ့သါးတော်ကို။ နောင်သော်ကာလ။ငါ့ထီးနန်းကို။သိမ်း မြန်းရအောင်။ ငါ့သားကိုယ်ထဲ။ ကိုယ်စောင့်နတ်ကြီး။ ငါပြုပြီး လျှင်။ဘေးဆီးရန်ပြောင့်။သူမနှောင့်အောင်။ စောင့်မှီဝဲ။အားခဲ၍ မစရတော့မည်ကဗျား။

တခန်းရပ်။

---

မိဘုရားသားဘွားပြီး၍။ရင်းသားကိုသုသာန်သို့သွား
ပစ်ရန်။မိဘုရားကအပျိုတော်ကိုခိုင်းစေ။

မိဘုရားပြော။ ။အထိန်းတော်မင်းသူဇာငယ်။ငွေသာခါ မြတ်။ အထွတ်သိင်္ဂီ။နာဂရဏ်နှင့်။ စန္ဒီရိပ်မှာ။ ရွှေလိပ်ပြာမျှ။မ သန်းရအောင်။ကောသလရင်သွေး။မေမေ့ဒါယူ။ ပန်းလိုကြူတဲ့။ လူကလေး။မြူမှေးမခ။ဘွားချက်ကယ်လှလေတယ်။ ကြည့်စမ်း ပါအေ။နဖူးပြင်ခတ်ကားကားနှင့်။ဘုန်းဘုရားကိုယ်တော်မူ။ တ ပုံတဲတူလွန်းလို့။နောက်ဆူမူးဝေ။သဲကြွေမတတ်ရှိတော့တယ်။ ကြီးကျယ်ချိန်မှာ။လက်ပြိုင်အနှ။ ရှေးကပြုတဲ့။ ရန်သူ့သားမို့။ ယောကျ်ားလဲဖြစ်ပြန်။ မင်းဆိုသမျှ။မလိုကြ။ ရေ့ရန်ဘက်ဖြစ် တော့သည်။ နောင်ဖန်ကာလ။ ယင်ကျေး တင့်တယ်။ နှမြော ဘွယ်။ကျကာလမှ။မလှကြမှာ။သေရှာရင်ဖြင့်။ သာ၍ခထက်။ နှစ်ယောက်လုံးပင်။ အဆုံးခက်လိမ့်မယ်။ ပူကွက်ရှိသမျှ။ စိတ် စက်ချလို့။ ခကလိုက်ဆူ။ တခါတဲပူလိုက်စို့။ မောင်လူကလေး။



ဘုန်းဘုန်းသွေးကို။ ကံပေးရာပ။ ခနေ့ညပင်။ မြို့ပြင်ကသုသာန် သို့။ ဥဏ္ဏ်ဖန်လို့ သွားပြီးလျှင်။ ပစ်ထားချေပေတော့။ မင်းသူ ဇာငယ်။

မိဘုရားနှင့်အပျိုတော်သင့်ရာစကားပြော၍

တခန်းရပ်။

---

ယခင်ရက္ခစိုးနတ်ထွက်လာစေ။

နတ်ပြော။ ။ဘဝရှံဘန်။နောက်သဏ္ဌာန်က။ဘုန်းကံဆုံ ကြ။ နောင်နန်းဆက်မဲ့။ သားသက်မျှကို။ ခုည ကြီဖန်။ စော သုသာန်သို့။ အမြန်ပို့မည်။သန်းခေါင်အခါ။နန်းကခွါ၍။လါချေပြီ။ ပတ်လည်ဝန်းရံ။အိပ်ဖန်မပျက်။နန်းထက်နန်းအောက်။အနောက် တံခါး။ ပြကြား လမ်းခွ။ ကင်းဝတ် လှည့်ပတ်။ စောင့်နေကြပ် တဲ့။ခေတ်ဒွါရများကို။ ငါ့တန်ခိုးနှင့်။ လင်းလင်း ဖွင့်၍။ မမြင့်မ ကြာ။ မကာမဆီး။ နေ့လယ်ကြီးကဲ့သို့။ ခရီးသာလိုရာ ရောက် စေရတော့မည်။ရွှေရည်နှိုင်းသွေး။အရာတော်ယူ။ တနန်းဆူမဲ့။ လူကလေးကို။ဘေးမရှိအောင်။ကိုယ်စောင့်နတ်မြတ်။ ငါ့ကိုယ် ကြပ်၍။ မပြတ်ဆောင်။နောင်အလား။ ကြိုးစားလို့မစတော့မည် ကဗျား။

တခန်းရပ်။

---

ခလေးကိုမိဘုရားအမိန့်အရအပျိုတော်
သွား၍ပစ်စေ။

အပျိုတော်ကြီးဆို။ ။ပြောင်ဘုန်းကြွယ်ထိပ်ထား။အရှင် သား။ ပဏ္ဍြမြားကသိဏ်း။ မောင်ဓာံနဲ့ရယ်။ သေပွဲဖြင့် ရိုင်းလှ တယ်။ သင်းချိုင်းချုံစ။ သုသာန်ဝသို့။ ခုညကိုယ်တော်ရောက်

တော့မယ်။ညှိုးငယ်နွမ်းပါး။ချုပုံများကို။ ဖြစ်လားကျနစ်စင်။ခြေ
ဘုံပေါ်က။ခမည်းတော်မြင်ရလျှင်။ ရွှေရင်ထဲမှာ။ အခဲမကြေရှိ
လိမ့်မယ်။ ညှနယ်သန်းခေါင်။ ရိုးယိုးရိပ်မှောင်။ ကွေ့ချောင်ရစ်
ပတ်။တော်လိုသာရမ်းရတယ်။မလွှမ်းတတ်ပြီဘု။ နတ်ကလေး
တကောင်။ ကျုပ်တို့မောင်ရယ်။ ရွှေဆောင်၍လိုက်ခဲ့ပ။ နတ်
ကြိုက်တဲ့ဘောဇဉ်။ပေါက်စီမုန့်တတွဲနှင့်။ ပွဲတော်ကြီး တင်ပါ့
မယ်။ ရွှင်ရွှင်မတော်မူလိုက်ပါ။ချယ်မြွာနဝရတ်။ မြေနန်းတော်
ပြသာဒ်က။ထီးကြာယပ်ရွှေပိန်းကို။ လေသိမ်းသံကြားမင့်။သွား
လေမှ တော်တော့မရှင်။ ။ဩော် သင်းချိုင်းတော်ရပ်။
သုသာန်သို့ကပ်မိပြီ။ညာနတ်ကဲ့သား။ ရွှေဘုံဘွား။ သနားစရာ။
အသက်ဖို့ရှုံ့။မကြည့်ပုံပြီဘူး။ကျွန့်ထိပ်ချာ။ နေရှာရစ်တော့မယ့်
သခင်ရယ်။ကယ်ဆယ်ကံ့စ။ရှေးအကြောင်း။ နတ်ကောင်းများ
မလျှင်လဲ။ ဘုရာ့သားတော်။နောင်ဘုံလှမ်း။ချမ်းသာကွက်ပေါ်
ရော့မယ်။လှော်ရွှေနှစ်ကဲ့။ကံပစ်ချရာ ဖြစ်တော့တယ်။ မယ်ဘု
ရားကျွန်ယုံ့။ သူဇာကိုလွှတ်လိုက်တယ်။ မင့်ဝတ်လဲကုံမင့်ကို။မြ
ရိပ်မှုံ့ မြိုင်တကြောမှာ။ ရွှေဥသြမောင်မယ်တို့။ သိုက်နန်းလယ်
ကွန်းထောက်က။ တရေးလောက်နိုးချိန်တွင်။ မြိုင်စည်းစိမ်ယစ်
မူး၍။ကျူးရင့်တဲ့တွန်သံကို။နာခံ၍ပြန်ပါတော့မယ်ကိုယ်တော်
ကလေးဘုရား။

အပျိုတော်ပြန်ရောက်စေ။
တခန်းရပ်။

---

ရုက္ခစိုးနတ်ထွက်လာစေ။

နတ်ဆို။ ။ဩော်ဖြစ်ရပလေ။ပြည်လုံးပတ္တမြား။ သူ့ပြည်
တိုင်းမှာ။ကံရှိုင်းလို့ဘွားရတယ်။ သားသက်ဝေယ်။ ကြက်သ
ရေရောင်ကွန့်။ နောင်အခွန့်မှာ။ နန်းညွန့်ငယ် ပျိုးထောင်။ စိုးမွဲ့



မောင်ကို။ရှုစောင်မမယ်။ဘခင်မြော်တန်း။သော်ကနန်းက။မြန်း
ခဲ့တယ်။ အန္တရာယ်ဒုက္ခ။သားဘုန်းဟော့မှ။မတွေ့ရစေဘူး။ချည
လင်းလျှင်။မိရင်းဘနှယ်။ဆိတ်ထိန်းလင်မယား။သင်းတို့အား။ငါ
ကားပေး၍ မွေးစေ့မယ်။ရှစ်သွယ်လောကဓံ။လူ့နိုင်ငံမှာ။ခက်
ခဲစမြဲ။တရားမျိုးသိပ်။ အဘော့စိတ်မှာ။ကြိတ်လိုသာ ခဲရတော့။
ရင်ကွဲမတတ် ပူဆွေ့တယ်။ ရိုးနတ်တိမ်ရိပ်။ အာကာ ထိပ်မှာ။
မျှောက်ဆိတ် မွန်း မတ်။ ကုက္ကိုကျွန်းက ဖန်ဝန်းလည်။ ဓေါင်း
ချောင်ခြည်ခတ်လုမင့်။သားတော်မြတ်ကိုယ်ထဲသို့။ ကပ်စွဲပူးဝင်။
လူမမြင်အောင်။နတ်သွင်ကို။ကွယ်လိုက်အုံးမှကဗျား။

ရုက္ခစိုးနတ်ကွယ်နေစေ။
တခန်းရပ်။

---

ဆိတ်ထိန်းလင်မယားမောင်အောင်လံနှင့်။
မစက်ကွင်းတို့ထွက်စေ။

ဆိတ်ထိန်း ယောကျ်ားဆို။ ။ရွှေဖုံတလုပ်။ ဥကြီးရုပ်သို့။
ကုပ်ကုပ်ကလေး။ ပေမွှေးမွှေး။ ယင်ကျေးအိခြင်း။ မခန့်တင့်
ဘဲ။ စောက်ကျိုးနဲ့။ ကွဲအောင်လှတဲ့။ မစက်ကွင်းရယ်။ တို့လင်
မယား။ခေါင်းပါးမွဲခြောက်။ဖွတ်နှစ်ယောက်မှာ။မလောက်မင။
ဆိတ်နို့ရောင်းလို့။ ဝမ်းကျောင်းကြ။ ကာလအတော်ကြာကြပြီ။
ကိုယ်မှာ လက်ထောက်။ သားတယောက်မျှ။ မပေါက် မဖွား။
ညည့်ဝမ်းပိုက်ကနှယ်။ ရိုက်လုံးထွား။ အလကားဝမ်းပိုက်ပါက
လား စက်ကွင်းရယ်။ပတ်လည်နံရံ။ရေကန်စကျင်း။ အတွင်းအ
ကောက်။အစေါက်ဝန်းလျှား။တသားမကျ။စနစ်ကျန်၍။ဟန်မရ
လျှင်လဲ။လက်ဘွားတန်ခဲ့သနှင့်။ညှိညာအောင်ညှိအုံးမှဘဲ။ဝမ်းရှိ
ကျိုးနပ်ချည်တော့မယ်။စက်ကွင်းရယ်။
စက်ကွင်းဆို။ ။အိုအကျွန့်ပ်သက်နှံ့။ ညည့်သုံးချက်တီး
လင်းအားကြီးကို။ ကြွက်မြီး ထောင်တဲ့။ မောင်အောင်လံ ရယ်။

သားစမြေးစ။နောင်မရသော်။ငါ့ဝမ်းပိုက်ကို။ခိုက်တိုက်နှောက်မွှေ။ကြေးတွက်လေလို့။မင့်ဘိုးအေများ။စါတမ်းနှင့်ထါးသလါး။သားနှင့်မိဘ။ ကိစ္စသုံးရပ်။ အကြောင်းစပ်မှ။ သားကပ်သတဲ့။ သန်းခေါင်မွေးတဲ့။ ရိုက်ခွေးရဲ့။ လင်နှင့်မိန်းမ။ သည်နှစ်ဝတွင်။ လင်ကလဲရော့ယောကျ်ား။အိုဘဲ့ယောကျ်ား။လူမှုလူရာ။မွေ့တာမှာ။စာကလေးကဝန်ချရတဲ့။ဘကြီးသား။မယားဖြစ်သူ။ငါတမူလဲ။မကျူဆေးဝါး။ခြောက်စထောင်တဲ့ယန္တရား။နှစ်ပါးဇနီး။ သွီးခင်မွန်း။ ကဝေမြောက်အောင်။ သည်ကလောက် စွမ်းနိုင်ရက်ကယ်နှင့်။ ဝမ်းရဟန်းလောင်း။ သားမအောင်းလျှင်။အကြောင်းပေကွဲ။ မင်းညည်းညူလို့။ မပူနဲ့။အကျိုးမဲ့တွေ။ ဘလဘွေကို့။အလေနတော။တန်မပြောနှင့်။ ခုစောစောထ။အရှေ့ကျွန်းစောင်း။သင်းချိုင်းဟောင်းသို့။ဆိတ်ကျောင်းသာကြွပေတော့။မမသက်နှံ့။မောင်အော်လံ။

အော်လံဆိုရန်စကား။ ။အဝေးရှင်မ။ဟုတ်ပေစွ တကား။ငါဘဲမှားချေသည်။သွားပါတော့မယ်မမရယ်။ ။အိုဆရာရို့။ရှေးသရောခါ။ဟောမဝါမှာ။ သာယာစွာဘိ။ ရွှေမှုံဝတ်ဆံ။ ကြာမျိုးရုံ ရေကန်ကြီး ရှိသတဲ့ ဆရာရို့။ ထိုရေကန်သို့။ လူတန်ယောကျ်ား။ တယောက်သားသည်။ အမှားသင့်ရောက်လှာ။နေကပူပြင်း။ရေငတ်ခြင်းကြောင့်။ဆင်းလို့သောက်ကရော့။ခေါင်းစောင်ထိုးထား။တင်ပါးမိုးမြော်။ သိကြားကိုသရော်သလို။ဇါတ်လုံးပေါ်ခင်းရာတွင်။ တောတွင်းကယောင်တောင်တောင်။ လူဝံကြီးတကောင်လဲ။မျှားအေါင်မကြာ။ရေကန်တွင်းသို့။ဖွတ်ဆင်း၍လာပြီးလျှင်။မောင့်ဘဇာကာပ်ပဲ့အိတ်။ နီချိပ်ချိပ် စုပ်ဖတ်ဖတ်။ပင့်ကူမြေးရစ်ခါနှင့်။ကျိုးအာသီးမှတ်လေတော့။ ဆတ်ခနဲဆုပ်ဆွတ်တော့မည် လုပ်ရာတွင်။ ရုတ်တရက် မတြွေတဲ့လို့။ မမှဲ့သေးပါတကား။နက်ဖြန်ခါမှ။ ငါလာ၍စားမည်ဟု။ ငမိုက်သားလူဝံမွဲ။အကြီလွဲပေလို့။မဆွတ်ဘဲသွား။ထိုယောကျ်ားလဲ။ကံအါးလျော်စွာ။ ဘေးလွတ်ရှာရော့။ နက်ဖြန်ခါနောက်တရက်တွင်။



ဟင်းရွက်ခူးဆိုးသီးကောက်။ အပျိုကြီး တယောက်သည်။ရေသောက်မည် အကြံနှင့် ရေကန်သို့ဆင်း။ တကိုယ်ချင်း။လူရှင်းသည်အရပ်မို့။ မကာပ်ပလား။ ထမိကိုခွါပြီးလျှင်။ငုံ့ကာကုန်း၍။ အုန်းပင်စိုက်ဂွမ်းလှန်။ရေစည်းစိမ်ခံတုံးကို။ ယမန်ကလူဝံကြီးလဲ။ကျိုးအာသီးစားမည်လို့။ဘွားကနဲအဆင်း။ ရေကန်တွင်းက။ သကောင့်သွီး။အပျိုကြီး၏။ တင်ပသီးအောက်။ မောင်လူဝံရော်ချဉ်ရော့။တောင်မြောက်မလှည့်။ကုန်း၍ကြည့်ရာတွင်။ ရိုင်းဘိစွတကား။မနေ့ကကျိုးအာသီးကို။ကျိုးဘောက်၍စားခဲ့ပြီ။အသားကလေးနဲ့နဲ့။နီမဲမဲ။တစေ့ထဲကျန်တော့တယ်လို့။ တိရစ္ဆာန်လူဝံ။မြည့်တွန်တောက်တီး။ မြှိုင်ရိပ်သို့ မှီးသောကြောင့်။ အပျိုကြီးမမ။ချမ်းသာခွင့် ရပေတော့။ သာဓကသည်ထုံးပုံကို။ ဥဒါဟရဏ်မှီးပြမ်းနှင့်။ ကိုအော်လံမြှိုင်ဝင်ခန်းမှာ။နရေးပျံဥာဏ်ဆန်းက။ပတ်ကျိုးကန်းဘောက်ပေးစမ်းဆရာရှေ့။

ငင်းဆိုလွမ်းချင်း။ ။လွှာဘိနပ်ကယ်နှင့်။မိုးခတ်ကယ်တံတို့။ လွယ်အိတ်ကယ်ရှိသည်။ ခါးမတို ခါးမှာညှပ်ပါလို့။ ဘူးလယ်ပြတ်တမြှုဝင်ကို။ နကန်တွင် ဖလံရှော်နှင့်။သောက်တော်ရေတွဲခဲ့ရတယ်လေး။ ။ချောင်အရှိုငယ်။ ကြောင်သိုလေ၊။တငွေ့ငွေ့နှင့်။မြိုင်လေ့ငယ်တခို။ ခံပင်မျိုလဲ။ ဒေါ်အိုကြီးနှံ့။တပျုံပျုံနှင့်။ ထောက်ကြနှံ့ငယ်ဟိုချုံ။ ကိုင်းခွစုံက။ လင်းယုန်မောင်နှံ့။ ရောဂါကင်းအောင်။အနင်းခံလို့။လူ့ဟန်ရုပ်သွင်။သည်ပုံကို မြင်သောခါ။ မခင်ငဲ့သက်ဝေမှာ။ အကြောတွေအကုန်ရုန်းလို့ကုန်းခဲ့ပြီလေး။

ပစ်ထားသောသူငယ်ကိုဆိတ်ထိန်းယောကျ်ားတွေ့၍။
ကောက်ယူပြီးလျှင်အိမ်ကိုပြန်စေ။
တခန်းရပ်။

---

### ယခင်ရက္ခစိုးနတ်ထွက်လာစေ။

ရက္ခစိုးနတ်ထွက်၍ဆို။ ။ဩဩ်ဆိတ်ကျောင်းလင်မယား။ ငါ၏သားကို။ပိုက်ဖြားယူ၍။ မိခင်ပမာ။ဆိတ်နို့ရည်ကျွေး။ ရင်နှိုက်ထွေး၍။ မွေးကြရှာ။ချမ်းသာတွက်ဆို့ရောက်ချေပြီ။ ရောက်ပင်ရောက်သော်လည်း။အာထောက်အမ။ လိုက်စွကို။တစမကျန်။ မျက်နှာလွှဲလောက်။အရွယ်ရောက်၍။လက်ထောက်ခံရအောင်။ ကြီးဆောင်မစ။ချနစ်ခွေဆိုင်။ နေဒတ်အိုင်ကို။ ရစ်ပြိုင်ခသည်။ ပဒုမကုမ္ဘုလာ။ ရေမြတ်ကြာကို။မြန်စွာချ၍။ လူစမြေခံအောင်။ ငါတန်ခိုးနှင့်။သည်ပိုးဆောင်ရဦးတော့မည်။ ။ဇမ္ဗူမဏ္ဍိုင်။ မြိုင်မယိမ်း။ ရွှေမြင်းမိုရ်ခါး။ဝေဘူများက။ ပတ္တမြားရောင်လျှံ။ ရွှေကူ မွန်တို့။တောင်ရံသို့ထိန်းသော်လည်း။ အိုးထိန်းစက်မှု။ ဝေဿဝဏ်နတ်။ တူတော်မြတ်က။ ချဉ်းကပ်ခါ ယူသောခါ။ မြတ်တောင်ငှုအဠနာက။မယ်ဇာယာလွှမ်းသံကို။နာခံ၍။ လူ့ပြည်သို့သက်ပါဒုံးဆရာရေ့။

### ဆိတ်ကျောင်းလင်မယားနှင့်တွေ့၍ပြောဆိုပြီးလျှင်။ ခလေးကိုယူသွား၍။နေဒတ်အိုင်မှာ ရေသုံးသပ်စေ။

### ကန်တွင်းကမင်းသားထခန်း။

ရေကန်ကမင်းသားဆို။ ။ဩဩ်ရေကန်အနီး။ တကိုယ်တည်း။ကြက်သီးတုန်လှိုက်။ဘဟာလိုလို။အသဉ်းဖို။ ငိုချင်လိုက်ပါဘိ။စရိုက်ဘာသာ။သည်ကန္တာမှာ။စာစာသံလေး။ ဟစ်အော်ကြွေးကြတယ်။ ထုံမွှေးသင်းပျံ့။ ပန်းရနံ့ကို။သန့်လေပြေဆိုင်။ပိတုန်းမာန်ချ။ဝိတ်မှုန်နုကြောင့်။ အန်တုကာပြိုင်သောခါ။ကြာရွှေအိုင်ဘုံဘွေက။ဘဘုန်းဝေကျေးဇူးရှင်နှင့် မိခင်ကိုလွမ်းလိုက်ပါဘိကရို။



နတ်ဆို။ ။ဩဩ်ကြိုရလေခြင်း။ပထမပြန်။ ဇာတ်ရင်းလှန်၍။ဖြစ်ဟန်ကိုလင်းရလျှင်။ အခင်းမဆိုက်။ ရွှေရင်တီး ရှိုက်ကြီးရှိုက်လို့ သေလိုက်လျှော်။ ခက်ချေငဲ့ ကရို့။ သို့အရာတွင်။ ဆင်းသညွှာန်ချုပ်ဝါကို။ မြန်စွာပြ၍။ ငါကသာကြိုဘန်၍။ပြောစမ်းရဦးတော့မည်များ။

### ရက္ခစိုးနတ်ကိုယ်တင်ပြစေ။

မင်းသားဆို။ ။ကိုယ်ရောင် ထိန်လျှပ်။ ရွှေမှာ ရပ်သည်။ လျောက်ပတ်ချပ်ဝါ။ ကုန်စင်မတွင်း။ဘယ်အခင်းလို့။ လင်းစမ်းပါများ။

နတ်ဆို။ ။ဝတိန်စံတင့်။ ခြောက်ဘုံမြင့်က။ ဒေဝရင့်ကျွန်ယံ။ တန်ခိုးဂုဏ်နှင့်။ ထက်ဘုံကျော်ဟိုး။ ရက္ခစိုး။နတ်မျိုးငါပင်ဖြစ်လေသည်။ဆိတ်ကျောင်း လင်မယား။ ယူမိုက်ထားသည်။ မင်းသားလုင်။ မောင့်ကိုခင်၍။ နတ်ရေစင်ခံ။ အရွယ် မြောက်အောင်။ကူတောက်ဖန်။သည်ရေကန်နှိုက်သုံးသပ်သည်။ရေသုံးသပ်နောက်။ အရွယ်ရောက်လျှင်။ ကူထောက်မစ။ မိနှင့်ဘကို။ လို့လမစဲ။ကျေးဇူးများဘိ။ တောင်းတိုင်းမိသို့။ သတိမြဲ။အားဆဲကျိုးနွံပြုရာသည်။မကြာခဏ။သူတို့စံမြဲ။သာသည့်တဲကို။ထမ်းမလွဲရအောင်။ ငါနတ်မောင်က။ ရွှေဆောင်လမ်းစ။စကြာညွှန့်။ ကွန့်မည်ပ။ မောင်လှ နုထွား။ နောက်တော်ပါးက။ ကြိုးစား၍ လိုက်တော်မူခဲ့တော့မောင်မောင်ငယ်။

### ရက္ခစိုးနှင့်မင်းသားဆိတ်ကျောင်းလင်မယားထံ ရောက်စေ။

ရက္ခစိုးနတ်ဆို။ ။ဆိတ်ကျောင်းလင်မယား။သွတိဗွဲ၍အမြဲထား။ သည်သားမောင်မောင်။ ဆင်းငွေရောင်မှာ။ ဘုန်းခေါင်နရိန်။ သတ္တိန်နွယ်မျိုး မှန်ပေသည်။ ဇာတာ ယွင်းလစ်။ ရှေးတခေတ်က။ကောသလဟု။ နာမထင်ရှား။ငါမင်းများ၏။ ညာထားဒေဝီ။ငွေလွှာဖော့သို့။ ကြော့သိင်္ဂိမှာ။ စန္ဒီနိုင်းဘွယ်။ ယင်ဆုံး

မယ်သည်။ လွယ်သန္တေ့မွေ့။ သုံးလစေ့လျှင်။ ငါဘုရင်ကို။ စစ်အင်ဗိုလ်ပါ။ ပြည်ဗာရာဏ။ ရာဇာမင်းဖျား။ ငါ့နိုင်ငံကို။ တရန်ထား၍။ စကားမဟာန်။ ရာဇာသံနှင့်။ ဆက်နှံ့ပဏ္ဏာ။လိုသည့်တာကို။ ရှက်စရာမှ။ နောင်ရာဇဝင်။ ကမ္ဘည်းတင်။ အစဉ်ပြုမည်ကြောင့်။ဗိုလ်ထုသတ္တဝါ။သင်တို့အားကို။ သနားစာ၍။ ငါရာဇာဖြတ်။မနေခါတ်ကို။ဆုံးဖြတ်ဖန်ဆင်း။ထီးနန်းအုပ်ချို့။ လူတို့ဘုံကို။အကျန်ခွင်း၍။ နတ်မင်းဘဝရောက်လေသည်။ ဇမ္ဗူရတနာ။ ငါ့ကြင်ရာကို။ဆက်ကာစံတင့်။ဗာရာဏာမင်း။သူ့လက်တွင်းမှာမငြင်းသင့်သော်လည်း။ယူချင့်သောက။ငါ့ရင်တော်သွေး။သါးမောင်လေးကို။ မွေးကာလနိုက်။ မင်းမျှား ထုံးစံ။ ကိုယ့်ရန်သူသား။မာန်ငြိုးထား။ အမှားကြံ။ ဧကန်သတ်လေ့ ရှိကြသည်။အထင်မလွဲ။စိတ်မာန်ရဲ့နှင့်။ လည်ဆွဲ သက်နှံ့။ သန်းခေါင် ယံကို။ သုသာန်စသို့ပစ်လေသည်။ ပစ်ပြီးသည်နောက်။ မိုးသောက်ယံမှ။မောင်အော်လံ။ကံထောက်မ၍။ပိုက်ရယူမွေး။ အကြောင်းသန့်။နတ်ဖန်လို့ပေးရသည်။ ရှေးဝဋ်ကမကောင်း။ မူလရင်းကို။အခင်းကျန်အောင်။ငါ၏သားလှ။ သက်တမျှကို။ မစဆောင်၍။လူ့တော်ကြေညာ။နရကမာဟု။ဒီပါတချောက်။မင်းဆုံးမြောက်အောင်။အထောက်အမ။ဝရဇိန်သွား။လေးနှင့်မြားကို။ ငါကားသခဲ့ရတော့မည်။ကိစ္စနောင်ခါ။ဘေးဘယာကြောင့်။ချမ်းသာမရ။ ငါ့ကိုတလျှင်။ ခဏမကြာ။ ဝတိန်ထက်က။ ငါသက်လှာမည်။ သေချာစွာနှုလုံးထားပေတော့သားတော်မောင်ငယ်။

မင်းသားဆို။ ။ပီတာဘသွားပြောစကားကို။ကြားရသည်ဖြစ်ပုံ။သားသည်ချာဝမ်းတော်နဲ့။ရင်ထဲမှာတုန်လှုချည့်။ရွှေဘုံသူမျက်ချယ်။မွေးမယ်မယ်ကြောင့်။ မဆယ့် မျက်ရေ။ရွှေရင်ကွဲ။ခုလဲလို့သေလိုက်ချင်ပါပေါ့မောင့်ကိုယ်ငယ်။ ။မကြိုတန်။ကြုံရပြန်သည်တံခေတ်တွင်မှ။လူဖြစ်ကံနည်း။မွေးမာတာ။သားမောင်ကိုသူမစာလို့။ ပစ်စွန့်ခွါ သည်လို ထားပါနှင့်။ ထားနှင့် သတ်လှည်း။



နတ်ဆို။ ။ငိုကာရိုကာတစာစာနှင့်။နေရှာမတင့်။ဝတိန်စံခန်း။ ခြောက်ဘုံနန်းသို့။ မြန်းချိန်ဖြင့်သင့်ပြီ။ နေနှင့်တော့ သားတော်မောင်ငယ်။

မင်းသားဆို။ ။ရှိဦးမြွောက်ခါ။လက်ဆယ်ဖြာနှင့်။ စကြာပဒုံ။ခြေတော်ဖျား။ ဆံထားပုံ၍။အကျန်လျှော့။ ကန်တော့လိုက်ပါငဲ့။မွေးသဘခင်။

နတ်ဆို။ ။ဘေးရန်ဟူသမျှ။သားမောင်လှကို။ဝေးကကင်းကွေ့။လိုလေတိုင်းရ။မောင့်ကိစ္စ။တဝတည်းပြည့်စုံစေဗျား။

နတ်စခန်းညွှန်း။ ။သားမောင်နရ။ ကုမာလှကြောင့်။ ကိစ္စကျန်၍။အလုံးစုံပြည့်ခဲ့ပြီ။ ထိန်ညီးဝင်းဝါ။ ကာသစ်နန်းသို့။မြန်းကြွပါတော့မည်။ဇမ္ဗူတောင်ခန်း။ကုက္ကိုနန်းက။မြန်းကါကြွသည့်။စန္ဒသူရိယာ။ နေစကြာသည်။ ငွေလွှာ ရဟုတ်။ ရောင်ခြည်တထောင်။တန်းခိုးဆောင်။ မြင့်ခေါင်ရပ်က။ ပြာသာဒ်ကွန့်ငဲ။ပတ္တမြားခရာသီး။စိန်လျှံညီးတဲ့။မြထီးထဲက။ရွှေဆွဲလဲလှုပ်သံကို။ နာခံ၍မြန်းပါဦးမည်ဆရာရွေ။

ရက္ခစိုးနတ်ကွယ်စေ။

တခန်းရပ်။

---

မင်းသားနှင့်ဆိတ်ကျောင်းလင်မယားထ၍တိုင်ပင်ပြောဆို ကြပြီးလျှင်ဆိတ်ကျောင်းထွက်ခန်း။

မင်းသားဆို။ ။ခဲယမ်းမီးပါ။လုံခြုံစွာနှင့်။လိုရာသို့ပြီး။မိုးစင်းကြိုးသဏ္ဍာန်။ စက်ကွင်းကိုမှန်တဲ့။အော်လံကြီးငဲ့။ ။ဖန်ရဝိန်စက်။အရှေ့ကျွန်းက နေဝန်းထွက်လုပြီ။ ။ငါတို့တဲ့နား။ဆိတ်ပေါင်းညံ့တဲ့။ခြံတံခါး။ သွားစ၍ယခုဖွင့်ပေတော့။ ။အသင့်စုံစွာ။ရိက္ခာစေ့စပ်။ခမောက်တံတို့။ဓါးမတို့များကို။လိုရာသို့ချပ်မိပြီ။တရစတ်ဆိတ်ထီးက။ ဆိတ်မကြီးအပါးမှာ။ ငွေသွားကိုအ

ကျုန်ဘော်လို့။ ဟာစ်အော်သည့် အသံကို။ တရုံကြားပလေစေ။ မောင်အော်လံငယ်။

ဆိတ်ကျောင်းထွက်လါရာစားကျက်သို့ရောက်စေ။မင်းသား
မောပန်း၍စက်တော်ခေါ်စေ။
တခန်းရပ်။

———

နဖူးစာရေးသည့်နတ်ထွက်လာစေ။

နဖူးစာရေးသည့်နတ်ဆို။ ။ဩော်နရကျမာ။ လောင်းရာဇာသည်။ကြမ္မာဒုက္ခ။ ဝဋ်မကင်း။ဆင်းရဲရသော်လည်း။ဈေးကပါရမီ။ကျူညီထောက်မ။စန်းငွေလွှာနှင့်။ဖူးစာမျှလေသည်။ သို့မျှသော်လည်း။ပေါင်းဘော်ရအောင်။ရွက်ဆောင်ဥသျှံ။ ငါ့စွမ်းအင်တန်ခိုးဟုန်နှင့်။ ကြိပုံခြားနား။ ဆိတ်များစွာ။ ငါကွယ်ကာထားခဲ့လျှင်။ ယမ်းတွင်းမီးစက်။ ဒေါသကျူး။ ဟူးကနဲထွက်ကရော့။ထွက်ရုံမနေ။သူ့ရှာဘွေသောခါ။ခြေရာဆိတ်များ။ပုံစံထါးလျှင်။သွားလေရော့တဈောက်။ ယက္ခပူရိ။ ပြည်ဌာနီအနီး။ ဦးယျာဉ်ကြီးသို့ရောက်ကရော့။ ရောက်လျှင်ပြီးပြီး။ ရေးတကြီး။ သည်နည်းနှင့်ကြံပုံထါး၍။ဆိတ်များကိုကွယ်ပါတော့မည်။ဂန္ဓမာတောင်ခြေက။သုတ်လေပြေခသောခါ။ ဖွေသော်ကကြွေသံကို။တရုံကြားတော်မူစမ်းရှာစား။

ဖူးစာရေးနတ်ကဆိတ်များကိုကွယ်ထားစေ။
တခန်းရပ်။

—

မင်းသားထ၍ဆိတ်များကိုရှာခန်း။

မင်းသားထ၍ခေါ်။ ။ဗိုလ်ထုဝန်းရံ။ ရှေ့ကာခံသည်။ အော်လံမည့်သီး။ဇမ္ဗူနယ်ချက်။ပြိုင်သူရှက်တဲ့။လက်နက်ကြီးငယ်။ ။



ငါတို့ကျောင်းသည့်ဆိတ်ပေါင်းများစွာ။အစမမြင်။ ဘယ်ချုံသို့ဝင်သည်လို့။အလျှင်ရှာ။မြန်စွာမနှေးစေနှင့်မောင်မင်း။

အော်လံဆို။ ။ခြေရာဖြစ်ထွေ။စခန်းဖြင့်ရှေလိမ့်မယ်။မနေမနား။မတွေ့မချင်း။တလပြင်း။ အတင်းသွားခါမှ။ ကြောင်းအားသင့်မည်ထင်ပါသည်ဘုရား။

မင်းသားဆို။ ။ယောသည်တခါ။ ဆိတ်များစွာ။ ခြေရာလမ်းစ။ထောက်ဆင်ခြင်။ လျှင်မြန်စွာကြွတော့မည်။ စခန်းစမသတ်။တွေ့မှသာရပ်မပဲ့။ တောင်ထပ်ထပ် တောကာကာ။သိတါပင်ဆီးဆီး။ငါ့ရွှေဘုန်းနှင့်။လက်ရုံးကိုချီးလိုက်လျှင်။ ထီးညွန့်နန်းဘွား။ လေးနှင့် မြားကို။ သိကြားသ၊ နရကျမာမင်း ငါဖြစ်သည်။ ဇွက်ခါပုန်းလျှို။ ငါ့ဆိတ်များကို။ မှားလို့များခိုးမလား။ မကောင်းကျိုး လတ်လတ်။ ဝရဖိန်မြား။ တထောင် သွားနှင့်။ သည်းဖျားကို ဖြတ်လိမ့်မည်။ လောကဓာတ် မြေတုန်အောင်။ ဆိတ်ရှာပုံနိဒါန်းနှင့်။ပတ်စခန်းပြ။

ယက္ခဒိပတိုင်းပြည်တွင်။စန်းငွေလွှာမင်းသွီးဥယျာဉ်တော်
သို့ရောက်လျှင်။ဆိတ်ခြေရာပျောက်စေ၊ ။မင်းသား
မောပန်း၍။တဲနန်းတော်တွင်စက်
တော်ခေါ်စေ။

မင်းသားတခန်းရပ်။

———

စန်းငွေလွှာမင်းသွီး။ခုနစ်ရက်တကြိမ်ဥယျာဉ်တော်သို့
ထွက်စေ။

မင်းသွီးဆို။ ။ငွေဂတ်သင်းကြူ။ခိုင်မဥ္ဇူသို့။လေယူတိုင်းကြိုင်။မူရာပျိုဖြန်း။ယင်ဆိုလျှင်ဆန်းပေတဲ့။မပန်းလှိုင်ငယ်။ ။ခမည်းတော်မြတ်။ သောင်းလုံးနတ်က။ နှင်းအပ်မကျန်။သူဇာနွဲ့နောင်း။ ရုံရွှေ ပေါင်းနှင့်။ ပျော်ကြောင်း ဖန်၍။ စံတော်မူရာ။

ဥယျာဉ်သါဝယ်။စကြာတော်မြန်း။ရက်တပတ်ကို။ မပြတ်လှမ်းလို့။ဝတ်ပန်းမှုံ့ခြွေကြတယ်။ ရက်ရေခါချင့်။ လှမ်းချိန်ဖြင့်သင့်ပြီမဟုတ်လား။ မကြီးလှိုင်လေး။ ။သင့်လှပါဘုရား။ ။စိန်ရောင် ဖြိုးပြက်။ နရား ဟန်ချီ။ ကျောက်ပေါင်း စီသည့်။ နာရီစက်က။ ရွှေငှက်မင်းငြီးသံလို။ တရန်ဖြင့်ကြားခဲ့ပြီ။သွားကြဦးစို့မကြီးလှိုင်လေး။

အပျိုတော်ကြီးဆိုင်းခင့်ဆို။ ။သန်းရွှေတော်ယင်ပျိုဖြန်းငယ်နှင့်။ မြန်းကြစို့ တူမကွာ။ ။ပန်းမျိုးငယ်စုံလင်တဲ့။ မြတ်ဥယျာဉ်ပျော်စံမြန်းတော့မယ်။ နန်းကြီးမျက်လွှာ။ ။ကျွန်းသူကိုအကျန်လွှန်းအောင်လို့။ ညွှန်းလိုက်ပပိုင်းမဟာငယ်။ သံသာသည့်လက်ဖျား။ ။ဇမ္ဗူဘွေ။ကျွန်းဦးပင်သပြေက။ညှာညောင်းကြွေ။ရေမှာခသောခါ။တူရိယာပုံစံမျှသည့်နှယ်။ညွှန်းပနရား။

ဥယျာဉ်တဲနန်းတော်တွင်။မင်းသားစက်တော်ခေါ်နေသည်ကိုမင်းသွီးနှင့်တွေ့ခန်း။

မင်းသွီးဆို။ ။စကား။ ။ပြကတေ့သိန်။ တက်သူရိန်သို့။ မှိန်မသန်းမှောင်။ စံဆယ်လှော်မှု။ ကိုရောင်တော် ပပေတဲ့။လှထွန်[illegible]ခါင်။ဘုန်းမောင်သမ္ဘာရှင်ဘုရား။

မင်းသားဆို။ ။တဆိတ်စာကလေး။စက်တမှေး။ ရေးရေးမပျော်။အသံရှန့်ကြမ်း။ ခေါ်ချက်ကယ်ဆန်းပါဘိ။ ဘယ်သူမှန်းသိဘဲကဗျား။

မင်းသွီးဆို။ ။အလိုဝှံ့ဝှံ့စားစား။ရဲမာန်မျှားနှင့်။မထားစံရာ။ ဥယျာဉ်သာကို။ ဝင်လာလေချက်။ မမေးမမြန်း။တဲတော်နန်းသို့မြန်းကာစက်။ပြုချက်မလျော်။ကြောင်းအင်ကိစ္စ။ သိချင်လှသည်မိန့်ဟာတော်မူစမ်းပါ့မောင်ညွှဲ့သည်ငယ်။

မင်းသားဆို။ ။စံပမာရွှေ။ယင်ကုဋေ။သပြေညွှန့်ဝါ။သိဂ်ိတန္ထန်း။နှဆိုလျှင်ရှုံးရတဲ့။တဘုန်းညွှာငယ်။ ။မောင်ကြီးဖြစ်ပုံ။အလုံးစုံကို။အကျန်မနော။မခြွင်းမချန်။စာရင်းလှန်၍။ ဖြစ်ဟန်ကိုပြောလိုက်မည်။ သဘောတော်ယူစမ်းပါ ငိမိငယ်။ ။တိုင်း



ကောသလ။ရာဇာသနင်း။မင်းမြတ်ဘုရင်။ညာနန်းတင်။မိခင်ဒေဝီ။ ရွှေရင်ပိုက်ဖြား။နန်းထက်ဘွားသည့်။သားဖြစ်သည်။ ကြမ္ဗာယိုယွင်း။ဗာရာဏာတွင်။မာန်ပြိုးဝင်သည့်။ပြည်ရှင်မင်းက။ လုံးရင်းဗိုလ်ပါ။ ပြည်ကိုရံဆီး။ အောင်စည်တီးလို့။ ဖျက်ဆီးလှာသည်။ အခါကြုံမှု။ဇမ္ဗူမျက်မှန်။ဘဘုန်းလျှံ။နတ်ထံသို့ကြွလျှင်။ ညာနန်းမပျော်။မြတ်မယ်တော်ကို။မလျော်အခင်း။ ပြည်ဗာရာဏာ။အစိုးရသည့်။ရာဇာမင်းက။အတင်းခေါင်။ ညာတောင်နန်းမှာထားလေသည်။မကွေဒုက္ခ။ ပန်းကြာတိုက်ဝယ်။သန္ဓေတွယ်။လွယ်သုံးလနှင့်။ မြန်းရ မသွေ။ သူ့တိုင်း ပြေမှာ။ ရွှေညီလာခံ။ ပျော်ကြောင်းဖန်၍။ ဝန်းရံကာသော်လည်း။ မသာနှလုံး ရှိချေသည်။ အခါချိန်ညာ။ ငါမင်းသားကို။ ဘွားကာလန္တက်။ မင်းမျှားထုံးစံ။ ကိုယ်ရန်သူသား။မာန်ပြိုးထား။ စိမ်းကားကြံ။ မချန်သတ်လေ့ရှိကြသည်။မလျော်အရေး။မွေးမိခင်။ဆင်ခြင်တွေး၍။မနှုံးမောင်အား။ သုသာန်စတွင်။ ပစ်ချထား။ သိကြားနတ်ကောင်း မလေသည်။ မသည်အတွင်း။ အာရုဏ်လင်းသော်။ ကြောင်း ရင်းအလျောက်။ဆိတ်ကျောင်းလင်မယား။ မောင့်အပါးကို။ ဘွားကာနဲရောက်ကရော့။ ခရာက်လျှင်ပိုက်တွေး။ သူကောက်ထို့[illegible]းရာတွင်။ရှေးကဘခင်။ နတ်ထံဝင်သည့်။ အလျှင်မနေ။ ယူဆောင်လေ၍။အိုင်ဘွေနေဒတ်။ရေသုံးသပ်သော်။ အရွယ်လျော်လျှင်။တူဘော်မကွာ။ဆိတ်ကျောင်းလင်မယား။ သူတို့အားကို။ ထောင်ထားစါ၍။မာတာမိခင်။ခွဲအသွင်သို့။တိုးဝင်ခညောင်း။ဆိတ်များစွာကို။မကွာကျောင်း၍နေရသည်။ ဆိတ်ကျောင်းနေလျက်။တမှေးစက်လျှင်။ ဖြစ်ချက်ကံမှောက်။ ပုဘိုကြုံ။ ဆိတ်အကျန်ပျော်ကရော့။ ပျောက်လျှင်မနေ။ လိုက်ရှာဘွေသော်။ ခြေရာသည့်တွင်ဆုံးလေသည်။ ဆုံးရလေချက်။ မတွေ့လို့ခက်။အပူကြီး။မီးလာ၍ရှက်သောကြောင့်။သာတက်ခါသည့်တဲတွင်။ စက်လှဲ့လို့ပျော်ခိုက်ကို။ တိုက်ရိုက်ကြီး ကြုံလာမင့်။ ပုဗျာကို ဖြိမ်းတည့်အောင်။ဆိမ်းတော်မူလိုက်ပ။မိမိငယ်။

မင်းသမီးဆို။ [redacted]။ဘွေအဇဒ္ဒာ။ငွေမိလ္လာတွင်။ သော်တာလပုံ။ တာရာကြယ်ဝန်း။ ရုံခလို့ထွန်းလေသို့။ ကျွန်းများဘုံကို။ အုပ်ချို ပိုးမွဲ့သူဘုရား။ ။ယက္ခဒိပ။ ရေလျှံဝန်းသည့်။ ကျွန်းညိုမြေတွင်။ ရာဇမာန်ကင်း။ဘုရင်းအသွင်။ချစ်မြတ်နိုး။ တန်ခိုးရှင်က။မိန့်တင် ရွှေမျှာ။ထားသည်တာမှာ။သေချာမြဲမှတ်။အထီးဆို။ ရင်ဘိုမှကပ် စေနှင့်။ဘမြတ်စကား။ ရှိလျက်သားကို။မှားမိလျှင်ခက်။ အစွယ် ဝရဇိန်။ရန်ညွှန့်ချိန်။ ဇိဝိန်ကိုဖျက်သောခါ။ နောင်ခက်မည်စိုးလှ ပါသည်ဘုရား။

မင်းသားဆို။ ။မာလာရဘွေ။ဘုံရွှေမြေတွင်။ သန္ဓေဇကျော့ မယ်။မြတ်အာသာနှုန်း။မူရာရှုံးတဲ့။ရင်ဆုံးမယ်ငယ်။ ။မေါင့်ကြီး စကါး။လွဲပြာထွါးငဲ့။ရွှေနားဆင်။နှုတ်သွင်မူရာ။မကြောက်ပါနှင့်။ လာသမျှရန်။ လေးစိန်သွားနှင့်။ တား၍ခံရလျှင်။ ဝတိန်စံမိုးသိ ကြားမှ။ပြားပြားကြီးဝပ်ရပါမည်မိမိငယ်။

မင်းသမီးဆို။ ။ဘုံတသီးစံ။ နေမိုးလျှံ။ ကံသမ္ဘာ့ရင်။ ထိန် တန်ခိုးပျံ။ ထက်မိုး နှံ့တဲ့။ ဝေယန်ရှင်။ နှုတ်သွင် မယ်ဆံ ကော ဘုရား။ ။တကယ်ဧကန်။ဘခင်ရန်ကို။ကြံနိုင်ပါလျှင်။ ဘုန်းနှစ် ခိုင်မြဲ…။သွေမလွဲ။အမြဲသာမှတ်ပါရော့။လောင်းမြတ်ကယ်ပွင့် ငုံ။မောင့်ကြံပုံကို။ကျန်စင်အောင်လင်းတော်မူပါဘုရား။

မင်းသားဆို။ ။မြတ်နန္ဒမူ။ လှိုင်ရွှေဂူဝယ်။ မညွှာပန်းနှယ်။ ရွှေခံတွင်းနှံ့။ချိုသင်းပျံ့တဲ့။ကြာနံ့မယ်။ ။နှုတ်နှယ်သူဇာ။ စန်း ငွေလွှာကို။မာယါမပို။မောင်ကြီးစကား။ပမာပျားသို့။ရွှေနားချို မြိုင်ညိုသို့လှမ်းကြစို့။ မယ်စံရာဥယျာဉ်နန်းက။ ခါးပန်း၍ လိုက် တော်မူပါမိမိငယ်။

မင်းသားအော်လံကိုတိုင်ပင်။ ။ဇမ္ဗူနယ်ချက်။ မြတ်ကျွန်း ထက်တွင်။ ရွှေလက်ရုံးလျှံ။ ဥာဏ်အခေါင်ဟိတ်။ ဘွဲ့ပုံနှိပ်၍။တ ဆိပ်ခံ။ အော်လံမည်ညွှန်။လူတခွန်ငဲ့။ ။မင်းမိသော်တာ။စန်း ငွေလွှာနှင့်။ မေတ္တာကူး။ဖူးစာတော်မျှလေပြီ။ ငါတို့စံမြန်း။သာ တဲ့နန်းသို့။မြန်းတော်မူကြစို့။စခန်းစညွှန်းပေတော့မောင်မင်း။



အော်လံဆိုင်းခင့်။ ။အလိုစံဥယျာဉ်။ သည် ဒေသတွင်မှ။ မြတ်ကိုယ်တော်။ဖူးစာမျှပြီမို့။လှမ်းကြစို့တူမကွ၊။ ။ကြိုသည့် ရေး။နောင်ဘေးကိုမြင်လှာလို့။သော့မကြာမနေနားပြီဘု။သွားရ မည်တာ။ ။ရွှေသစ္စာတည်အမြဲကိုလ။ နောင်မလွဲ သက်ပမာ ကို။ ဖန်ပါတော့နရား။ ။ငြိမ်းချိုသာ။ တူရိယာ သံစုံမှုးငယ် က။ကြားရသူဘဝင်နူးအောင်။ကျူးလိုက်ပါလား။

မင်းသားမင်းသမီးတို့။ဗာရာဏသီပြည်အနီးတွင်
တောကန္တာရသို့ရောက်စေ။

မ္မင်းသားဆို။ ။ပတ္တမြားမျက်ရှိန်။ ဝင်းလို့ထိန်သည့်။ဇာန္ဒနီ မယ်။ခွါဒရာကုံး။ မလ္လိကာရှုံးရသည့်။ ရွှေသုံးလယ်ငယ်။ မြတ် ဥယျာဉ်က။လှမ်းခဲ့ကြသည်။ကန္တာရမြေ။ ထုံးသင်းပျံ့လှိုင်။ပန်းစုံ ကြိုင်တဲ့။ဂနိုင်ခြေမှာ။ ကြော့မေညာထား။ မောင်ပွေ့ယူသွားပ မယ်။ကြိုးစား၍လိုက်တော်မူခဲ့ပါသက်လယ်ငယ်။

မင်းသမီးဆို။ ။သေလျှင်ချမြတ်။ လှမ်းလို့ဖြင့် တတ်နိုင်ဘူး။ ညာနတ်ကိုသည့်တွင်။ ရွှေခါးသာတင်ပါတော့ ထိပ်တင်မယ် မျက်မှန်ဘုရား။

မင်းသားဆို။ ။မောင်အော်လံလေး။ ခရီးလမ်းချုပ်။ လှရွှေ ရုပ်က။ လုပ်လှဲလုပ်လည်။လှမ်းမမှီ။နွယ်သိဂ်ိန္နု။ကာသိကရီ။ခြေ ဖျားဆိမှာ။ သွေးချည်ဖြင့်ဥခဲ့ပြီ။ မောင်မျက်ရှုပန်းလှ၍။ စခန်းစ သတ်ကြဦးစို့။မောင်မင်း။

တခန်းရပ်။

---

အပျိုတော်များဥယျာဉ်ကပြန်၍။ဘီလူးအမတ်များကိုသျှော်။
ဘီလူးအမတ်တို့ကဘီလူးမင်းကြီးကိုတင်စေ။

ဘီလူးအမတ်တင်။ ။အစွယ်ဝရဇိန်။ လက်ရုံးရှိန်နှင့်။ဘုမိန္ဒ ရာ။တန်ခိုးတော်လွှတ်။ ရာထီးဝတ်၍။ ဦးညွှတ်လာရသည်။ဒိပါ လေးကျွန်းရှင်ဘုရား။

ဘီလူးမင်းဆို။ ။ပြည်ကြီးကြက်သရေ။ မတ်ခေါင်ဘွေတွင်။ဉာဏ်ကဝေရ။ နတ်ဒေဝတို့။ တစမကျန်။တင်ရန်ဥသသုံ။အရေးပုံများကို။ ကုန်စင်အောင်ဝေဘန်၍။ မှန်ကန်ရာသံတော်ဦးတင်စမ်းပါ့အမတ်ကြီး။

ဘီလူးအမတ်ကြီးတင်။ ။တင်ပါသည် ဘုရား။ သွီးတော်မြတ်။နန်းကြီးနတ်သည်။မအပ်မရာ။ဥယျာဉ်သာတွင်။ ဝင်လာခရောက်။တပြည်ရပ်ခြား။ တိုင်းတပါးက။ မင်းသား နောက်သို့။မထောက်မထား။မိတ်ဝင်စား၍။ လိုက်သွားပါကြောင်းကို။ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား။

ဘီလူးမင်းကြီးဆို။ ။ပြည်သူ ဆိမီး။ အမတ် ကြီးတို့။တကယ်ဇကန်။သည့်တိုင်းမှန်လျှင်။ငါ့ရန်သူစစ်။ သင်းတို့ကားဖြစ်လေသည်။သို့အရာတွင်။ သင်းတို့အသက်။ မြေမှာလျှိုးလို့။ရိုယ်း မှါပင်ဝှက်စေတော့။ချချက်ခြင်းလိုက်တော်မူမဉ်။ယက္ခအမတ်။ဒြပ်ထင်ပေါ်။ငါ့ရဲဘော်။နောက်တော်ကပါစေရမည်ဟဲ့။ ။ငါပဲ့ယောကျ်ား။ သွားလေရော့ဝိုက်ဝိုက်။ စန်းငွေလွှာမိန်းမဆိုးကို။ အပြိုးနှင့်ငါလိုက်၍။ မြိုင်တိုက်မှာ ရှာတော့မည်။ စည်ခရာညံ။ဖို[redacted]ကြိုးသံသို့။မြိုင်ရန်ကချွန်းတဲ့အောင်ပတ်လေးလုံးနှက်။

ဘီလူးမင်းကြီးလိုက်လာရာ။မြိုင်တည်းတွင်။မင်းသားမင်းသွီးနှင့်တွေ့၍စစ်ပြိုင်ကြစေ။

မင်းသားဆို။ ။စကြာမန္တတ်။အလောင်းမြတ်တို့။နှံ့စပ်ကြေညာ။လှံစက်ဓါးစက်။ လေးမြားစက်နှင့်။ ရန်မက်ကွာ။ ရွှေစာအတွေ့ညွှန်းလေသည်။ ခြောက်ဘုံစိုးရ။ရိုယ်းမာစက။ နှင်းသငါ့အား။ဝရဇိန်ပျံ။ ဝင်းလို့သျှံတဲ့။ စိန်မှန်သွားနှင့်။ လေးအားကိုစမ်းတော့မည်။ ရှုံမကန်းကွက်။ လျှပ်ရောင် ဂှက်၍။ ဗိုလ်တက်ဗိုလ်ဆင်း။သေနင်္ဂါစုံ။သိပ္ပဂုဏ်ကို။ အကုန်လင်းသောခါ။ မာရ်နတ်မင်းစစ်ရှုံး၍။ မြေရိုယ်းလုံး ညံ့တဲ့အောင်။ စိမ်တော် မူလိုက်ပ။ပိုင်းချွဲနောင်ရွှေ။



လေးခင်းကျင်းပပြီးနောက်။မြားလွှတ်မည်ကြံသည်အခါတွင်။

မင်းသားဆို။ ။လာလေရဲ့နင့်ဘေး။ပြေးလို့မလွတ်။တောင်ထွန့်မဟာ။သေလါမြင်းမိုရ်။ကွဲပြိုအက်စောင်း။ ငလျှင်ညောင်းလို့။သောင်းဇမ္ဗူ။တုန်ရေ့လှာယ်။

မင်းသွီးဆို။ ။မြတ်ကျေးဇူးရှင်။ မွေးဘခင်ကို။ ခုပင်သတ်ချေတော့မလါး။ဆတ်ဆတ်တုန်လှာချည့်။ရွှေဘုံဘွားငယ်။သနားတော်ခံပါသည်ချမ်းသာပေးတော်မူပါဘုရား။

မင်းသွီးတောင်းပန်၍ဘီလူးသည်အသက်ဘေးမှချမ်းသာလျှင်။တဖန်ကြံစည်၍။အကြည်တော်ဗာရာဏသီမင်းကြီးအထံလျှင်အမြန်သွားစေ။

ရောက်လျှင်ဘီလူးမင်းဆို။ ။ဗာရာဏသီ တိုင်းပြည်ကို။ ထီးစည်နှင့်တကွ။ အစိုးရ။ ရာဇမဟာ။ မိတ်သေချာ။ ဒိပါနှံ့ကျော်။အကြည်တော်ငဲ့။ ရှင်းပြစေဘ်ကား။ ပြည်တပါ[redacted]မင်းသားလုင်။မဆင်ခြင်။ပြုအင်မတော်။သမီးသူဇာ။စန်းငွေလွှာကို။အပါခေါ်။ သူ့ပြည်တော်သို့ခေါင်လေသည်။ ရှင်းပြ စလိုက်။အမျိုးမိုက်မို့။ ကြိုက်လျှင် ကြိုက်ကြောင်း။ သင်း မတောင်း၍။ထောင်းထောင်းမျက်မာန်။လိုက်ရှာပြန်သော်။မတော်လေခြင်း။သင့်လေးမြားနှင့်။ငါ့အားကိုခွင်းမည်တွင်။သေပြေးရှင်ပြေး။ အသက်ဘေးကြောင့်။ဝေးရာနှင်။သည်တွင်သို့ရောက်ရလေသည်။ရောက်သည့်အကြောင်း။ သင်းရန်မူ၍။ စစ်ကူတောင်းပါသည်။လူမိုက်ကိုမြှောက်စား။ဇမ္ဗူမြေမှာ။တာရှေထားလျှင်။ ရန်ကားစက်မီး။ပြာသာဒ်ကြီးကို။ထိန်ညီးပြောင်။ လောင်လေသည့်ထုံး။သင်းတို့သေမှ။ကိစ္စတုံးမည်ကြောင့်။နှလုံးလှကြံဆောင်၍။ သေအောင်ကြိုးစားစေချင်ပါသည်။မြို့အရှေတောင်။ ပြည်ညောင်စ

ခန်း။စက်ပန်းဖြေ၍။ ခုနေလျက်ရှိပါသည်။အလျှင်အမြန်။ အကြံတော်ယူပါမှဘဲ။အကြည်တော်ဗာရာဏသီမင်း။

မင်းကြီးဆို။ ။မတ်ကြီးအဂ်ါ။စုံလင်စွာနှင့်။ပညာကဝိန်။ပြည်သူ့မျက်ရှု။လေးမြတ်ပြုသည့်။သုခမိန်တို့။ ။ကြားကြပါလား။ရိုင်းပြစေ်ကား။ ပြည်မွှားပြည်လှေး။ နှိပ်ဝပ်မကျိုး။မာန်ဂုဏ်ဆိုးတဲ့။မျိုးညစ်ကြေးကို။အရေးမလျော်။အဆွေတော်မျက်မှောက်တွင်။ စက်တိုင်မှာတင်။လင်ကိုကားကျက်။ နောက်ပါမယား။မိန်းမသားကို။ ကားတိုင်လွတ်စေ။သာလာယံခေါ်။ စရပ်ပေါ်တွင်။လျော်ကန်ရာကြိုးရက်၍။ခြေလက်ကိုတုတ်နှောင်ထားကြရမည်။အခါသင့်မြတ်။ ရက်တပတ်တွင်။ လှံယဉ်နှင့်ကွပ်စားတော်မူမည်မှူးမတ်များ။

မင်းသားမင်းသွီးတို့စက်ပျော်ခိုက်ကို။ထောင်မှူးအာဏာ
သားများနှင့်ဝန်းပိုင်း၍ဘမ်းစေ။မင်းသားကို
ကားတိုင်မှာတင်။မင်းသွီးကိုသာလာယံ
စရပ်ပေါ်တွင်တုတ်နှောင်၍ထား။
တခန်းရပ်။

---

ယမန်ကရက္ခစိုးနတ်ထွက်လာစေ။

ရက္ခစိုးနတ်ဆို။ ။တောင်မျှားမဟာ။သေလာဂီရိန်။ဒေဝိန်သဏ္ဍာ။ဝါသဝဟာ။နတ်များထိပ်ထား။သိကြားကျွန်ယံ။ဘုန်းတော်လှုံ၍။ထက်ဘုံလူ့ရပ်။မြဲစောင့်ကြပ်။မြင့်မြတ်တန်ခိုး။ လွန်ကျော်ပိုး။ရက္ခစိုးနတ်ငါဖြစ်သည်။ ။ထြော်ကြို့ပြန်လေရ။ဝဠ်ဒုက္ခကြောင့်။သားလှမျက်ပြေ။ဘေဘေသက်မျှ။ရှုမဝတဲ့။ မြပန်းခွေကို။သေအောင်နှိပ်စက်ကြသကို။သေ့လျှင်မကြာ။ ပြည်ဗာရာသို့။မြန်စွာသွား၍။ ကြောင်းအားကိုလင်းရဦးတော့မည်။ ။နန္ဒမူလှိုင်သာက။ ပန်းဝတ်လွှာကြွေသံကို။နာခံ၍လှမ်းတော်မူပါဓိုးမယ်ပိုင်းဆရာရေ့။



ရက္ခစိုးနတ်က။ဗာရာဏသီမင်းနှင့်။မိဘုရားကိုအကြောင်း
ရှိသမျှပြန်၍ပြော။မင်းကြီးမိဘုရားမှူးမတ်များနှင့်
တကွကားတိုင်သို့အလျှင်အမြန်
လါ၍ရောက်စေ။

မင်းသားက အကြောင်းကြောင်းမျိုးကိုငို၍တင်။ ။အကြောင်းငယ်မှသေချာ။ကုန်စင်မကြွင်း။နားတော်သွင်းလို့။ လင်းမည့်တာ။အောင်ချာနဂရ။ ကောသလတွင်။ရာဇထွတ်တင်။ ဘုရင်မျက်မှန်။ညာစံသူဇာ။ ရွှေရင်ဘွားသည့်။ သားနန်းလျာ။ဇာတာယှဉ်းနွေ့။ကြမ္မာတွေ့သော်။ဘုန်းဟော့သနင်း။မင်းမင်းထွတ်တင်။ဘုရင်ရာဇာ။ပြည်ဗာရာက။ဗိုလ်ပါသောင်းသောင်း။ ရာဇသံစာ။ ထောက် လှမ်းကာနှင့်။ ပဏ္ဏာငယ် တောင်းသော်။ အကြောင်းသင့်ဆုံ။ မွေးဘမျက်မှန်။ရွှေပြည့်စံ။ ဝေယန်နန်းသို့လှုံတော့တယ်။ ပြည်အစိုးမဲ့။ရှိပြန်ခဲ့သော်။ မလျော်လေချက်။မတ်များစွာ။ကြံရာခက်လို့။အသက်ချမ်းသာ။ရှိစိမ့်ဌါလျှင်။ မာတာဓိခင်။ရွှေမြင်းမိုရ်ဦး။မကကြူးတဲ့။ကျေးဇူးရှင်ကို။ စိရင်ပဏ္ဏာ။ဗာရာမင်းသို့။ဆက်သွင်းရာတွင်။ဗိုလ်ပါရန်မက် ငြိမ်းတော့သည်။ ကြမ္မာကံဘယ်။တုံ့အတွေး။ ရှေးဝဠ်လှယ်၍။မဘွယ်လေစွ။ပန်းကြာတိုက်ဘွေ။ခိုလှုံနေသည့်။သန္တေငယ်မျှ။နှသုံးလနှင့်။ပါရရှာ။ဗာရာနန်းသို့ဆောင်တော့တယ်။ အလိုမြတ်မွေးမယ်အား။ လွှန်စိမ်းကား၍။ ဘွားသည်ကာလ။ သားကိုမခင်။ သုသာန်ပြင်မှာ။အရှင်ငယ်ချ၍။ ညမိုးငယ်မှောင်။ သန်းခေါင် ချိန်သို့။ ပစ်တော့တယ်။ ပစ်၍တဖန်။မိုးသောက်ပြန်သော်။ နောက်တော်မြဲမှန်။မောင်အော်လံ။ တရုံထိုခါ။ ဆိတ်များစွာနှင့်။ ကျောင်းလာခိုက်တွင်။တွေ့ကြုံမြင်လျှင်။ချစ်ခင်လေးမြတ်။ဆိတ်နို့ရည်ကြွေး။သုတ်သင်မွေး။ရင်သွေးနတ်သို့။ မလပ်ရအောင်။ ယူဆောင် ပိုက်ခါထွေးကြတယ်။မကြာခဏ။ တဘဝက။ကျေးဇူးမျှ့ရှင်။မွေးဘခင်သည်။ထက်ခွင်စံရာ။နတ်နန်းသာက။ ကျလာမှိုင်းမ။ နတ်ရေ

ကန်တွင်။သက်နှံ့ကိုချ၍။ လူစမြောက်အောင်။ မခဲ့တယ်။မဝေ
သည့်နောက်။အရွယ်ရောက်လျှင်။အစဉ်မကွါ။စကြာသေးမြား
ရန်တပါးပယ် ရှားနိုင်အောင်။ သူ့တန်ခိုးနှင့်။ သည့်ပိုးဆောင်
ကောင်းအောင် မြှော်ရှုနှင်းခဲ့တယ်၊ ကြမ္မာ ကံစောင်း။ ရှေးဝ
ပေါင်းကြောင့်။ဆိတ်ကျောင်း၍သါ။နေသည့်ခါတွင်။ပူဘို့ဆင်
သည့်တွင်ဆိတ်များပျောက်တော့တယ်။ပျောက်ဆုံးလေချက်
ကြိရာခက်သော်။ထော်မြော်စရာ။မတွေ့မပြန်။ခြေရာခံ၍။ လိုက
လံရှာ။ ဥယျာဉ်သါသို့ရောက်တော့တယ်။ ဥယျာဉ်သို့ကျ။ ပြ
ရာစ။ ဘယ်မျှမမြင်။ထောက်ဆင်ခြင်၍။ သဉ်တွင်စက်ပန်းဖြေ
တယ်။စက်ပန်းသါဖြေ။နား၍နေသော်။ကြမ္မာဆော်၍သေခ်တ
မြတ်ညှာ။စန်းငွေလွှါနှင့်။မေတ္တာတူကွ။ဖူးစါမှ၍။မြန်းကြစကြ
လှမ်း၍လာသော်။ငွေလွှာဘဘွား။ရန်ငြိုးထား၍။ တောဖျားမြို့
ချာ။ လိုက်၍ရှာလျှင်။ ဂန္ဓာမြိုင်စ။တွေ့ကြုံရ၍။ လူစလက်ရုံး။စ
မြိုင်နှုန်းလျှင်။ လေးရွေစင်နှင့်။ဘဝင်သည်းမှန်။ ခွင်းမဲ့ကြိသော
သက်နှံ့ငွေလွှာ။တားသဉ်တာကြောင့်။ခန္ဓာသေဘေး။ချမ်းသ
ပေး။ သူပြေးသည်နောက်။ မောပန်းငယ်ဖြေ။ ရေကြည်တော
သေ သို့။ကွန်းထေါက်တဲထက်။တမှေးငယ်စက်။အခက်ကြ
ကြုံ။လူပုံမလှ။ နှောင်ကြိုးတဲ။ ဆွဲကာငယ်ချလို့။ ဒေါသမာန်ဝ
ကားတိုင်တင်။ပြုအင်ရက်စက်။သက်ခန္ဓာငယ်။မြန်စွာ ထွက်
ရော့။ ခက်လိုက်ပါဘိတော့ တယ်သည့်မောင်ကိုယ်။ပြည်ဗ
ရာအောင်ချာနန်းဆီက။ မွေးမိခင်မြင်လှာစမ်းပါအုံး မြှော်တ
ကာရှိုက်လို့ငို။

ဤသို့လျှင်ရှဂန်မကိုနှ်အစ။မြော်တန်းကာရှိုက်လို့ငို။အဆုံး
သောစကားအစဉ်ဖြင့်။ ကောသလဇာတ်ကို။ ပြဆိုရာဖြစ်သေ
အခဏ်းသည်။ဤတွင်၍ပြီးပြီ။

---



မြန်မာသက္ကရာဇ် ၁၂၅၉ခုတော်သလင်းဆွန်း ၆ရက်။ အင်္ဂလိပ်၁၈၉၇ခုစက်တဘာလ၁ရက်။ဗုဒ္ဓဟူးနေ့နံနက်၆နာရီအချိန်တွင် စလေဆရာ ဦးပုည စီကုံး ရေးသားသော။ ကောသလဇာတ်ကို။စလေမြို့နယ်ငွေးချိုမန်ကျည်းစောက်ရွာနေ။ စာသင်ဆရာကြီး မောင်ဘေမောင်ထံမှ။ မြင်းခြံမြို့ ဒိစတြိတ်ပညာဝန်ထောက်မင်းဦးကျော်ရန်က။ ရေးကူးစေ၍။ ပုံရိုက်လုပ်ဆောင်ရန်။ဟံသာဝတီပုံနှိပ်တိုက်အုပ်သို့ပေးအပ်သည်။

---

[illegible]
ရန်ကုန်[illegible]